ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်၊ သောကြာနေ့၊ (26-9-2008)(၅၈၁၃)

**ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ**

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# ဆင်ဘိုမြို့နှင့် ဒေါ့ဖုန်းယန်မြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

## စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ဆင်ဘိုမြို့ရှိ ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)






နေပြည်တော် စက်တင်ဘာ ၂၅

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနား-အကျဲ-ဆင်ဘို-ကသာ အမှတ်(၃) ခရိုင်ချင်းဆက်လမ်းဆုံ၌ လမ်းညွှန်မြေပုံ၊ လမ်းညွှန်ဆိုင်းဘုတ်နှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အကျဲရေဆိပ်မှ ရေယာဉ်ဖြင့် ထွက်ခွာ၍ မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ရှိ ဆင်ဘိုပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အိုင်းစတိုင်း အသုံးပြုခဲ့သော မှန်ပြောင်း ဂျေရုဆလင် ပြတိုက်တွင် ပြသထားမည်

**ဂျေရုဆလင် စက်တင်ဘာ ၂၅**

ထင်ရှားသည့် သိပ္ပံပညာရှင် အယ်လဘတ်အိုင်းစတိုင်း၏ ပျောက်ဆုံးနေသော အဝေးကြည့်မှန်ပြောင်းကို အများပြည်သူများ ကြည့်ရှုနိုင်ရန် ပြန်လည်ပြုပြင်၍ ဂျေရုဆလင်ပြတိုက်တွင် ပြသထားမည်ဖြစ်သည်။

ထိုမှန်ပြောင်းကို ပြန်လည်ပြုပြင်ရန်အတွက် ဒေါ်လာ ၁၀၀၀၀ ကျခံသုံးစွဲခဲ့ရသည်။ ခေတ်သစ်စံနှုန်းများဖြင့် ချိန်ထိုးကြည့်မည်ဆိုပါက ထိုမှန်ပြောင်းသည် ပစ္စည်းဟောင်းများ ရောင်းချသည့် ဈေးတန်းသို့ ပို့ရမည့် အခြေအနေသို့ ရောက်နေပြီဖြစ်သည်။

သို့သော် ထိုကိရိယာသည် ယခုတိုင်အောင် ဂျူပီတာဂြိုဟ်ကို လှည့်ပတ်နေသော လငါးစင်းနှင့် ယင်းဂြိုဟ်ပေါ်မှ အရေးအကြောင်းများကို ထင်ရှားစွာ ကြည့်ရှု၍ ရနိုင်သေးသည့် အခြေအနေတွင်ရှိသည်။

အိုင်းစတိုင်းသည် ၎င်းမကွယ်လွန်မီ ၁၉၅၄ ခုနှစ်အချိန်က ထိုမှန်ပြောင်းကို လက်ခံ ရရှိခဲ့ခြင်း ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# ညီညာဖြဖြ လုပ်ဆောင်ရမည့် ကမ္ဘာ့ပင်လယ်ရေကြောင်းလုပ်ငန်း

**ကြေးမုံ သတင်းအက်ဆေး - မောင်ရော**




နိုင်ငံတကာ ပင်လယ်ရေကြောင်းအဖွဲ့ချုပ် (International Maritime Organization) ထူထောင်မှုမှာ စက်တင်ဘာ ၂၅ ရက်တွင် နှစ်ပေါင်း (၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

၁၉၄၈ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကုလသမဂ္ဂက ကြီးမှူးကျင်းပသော နိုင်ငံတကာ ညီလာခံတစ်ရပ်မှ နိုင်ငံတကာပင်လယ်ရေကြောင်းအဖွဲ့ချုပ်(အိုင်အမ်အို) ကွန်ဗင်းရှင်းကို အတည်ပြုချမှတ်ခဲ့သည်။

ပင်လယ်ရေကြောင်းသွားလာမှုနှင့် စပ်လျဉ်း၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ●**

## ယနေ့ ကြေးမုံ The Mirror သတင်း၊ ဆောင်းပါး အညွှန်း

- **လူသတ္တဝါ ရင်သွေးငယ်များအတွက် (လူ) မိခင်၏နို့သည်သာ အကောင်းဆုံးဖြစ်ကြောင်း မိခင်နှင့် မိခင်လောင်းများ သဘောပေါက်သင့်ပါသည်။**
  ဒေါက်တာ အေးအေးသော်၏
  **“မိခင်နို့သာ အကောင်းဆုံး”**
  (ဆောင်းပါး) စာမျက်နှာ ၆
- **သဘာဝဘေးအန္တရာယ်သတင်းများ**
  စာမျက်နှာ ၅
- **ဝီဂန်နှင့် ချယ်လ်ဆီးတို့ ဂိုးပြတ်သွင်းပြီး အနိုင်ယူ** (အားကစားသတင်း)
  စာမျက်နှာ ၁၂
- **ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား** (သတင်း)
  စာမျက်နှာ ၉

**အတည်ပြုချိန် ၃း၁၅**

ကြေးမုံ The Mirror

၂၆-၉-၂၀၀၈
(သောကြာနေ့)

## မိခင်နှင့်ကလေးများ အာဟာရဖွံ့ဖြိုးရေးဆက်လက်မြှင့်တင်

ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသမီးများနှင့်ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေး မြှင့်တင်နိုင်ရန် ကြိုးပမ်းဖော်ဆောင်နေသည်။ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုး ဆေးတိုက် လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ယှဉ်တွဲ လုပ်ကိုင်လျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားများကို မြို့နယ်များ၌ ကျင်းပလျက်ရှိသည်။ အာဟာရဖွံ့ဖြိုးရေး ပညာပေးဟောပြောခြင်း၊ ခြောက်လမှ ငါးနှစ်အောက်ကလေးများ အင်အားပြည့် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်အားဆေး ဖြန့်ဝေပေးခြင်း၊ မိသားစုတိုင်း အိုင်အိုဒင်းဆား စားသုံးစေခြင်း ပညာပေးလုပ်ငန်းများကို တွဲဖက် ဆောင်ရွက်နေကြောင်း တွေ့ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သေဆုံးရသူ ငါးနှစ်အောက် ကလေးသူငယ်များအနက် အများစုသည် အာဟာရချို့တဲ့မှုနှင့် ဆက်စပ်နေသည်။ ဗီတာမင်အေ ချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပေးနိုင်ရုံမျှမက ကူးစက်ရောဂါအမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင်ကြောင်း သိရသည်။

ထို့အပြင် အိုင်အိုဒင်းအာဟာရချို့တဲ့ပါကလည်း ခန္ဓာကိုယ်စံချိန်မီ မကြီးထွားနိုင်ဘဲ သေးကွေးပုညက်နေခြင်း၊ ဉာဏ်ထိုင်းခြင်းနှင့်လည်ပင်း ကြီးခြင်း ရောဂါတို့ဖြစ်ပွားနိုင်သည်။ နိုင်ငံ ၁၀၀ ကျော်တွင် မီတင်းနေထိုင်ကြသူ လူအများစုသည် ပတ်ဝန်းကျင် ရေမြေအခြေအနေအရ အိုင်အိုဒင်းအာဟာရချို့တဲ့လာမှုများနှင့် ရင်ဆိုင်နေကြရသည်။

မိဘပြည်သူတိုင်းက ကလေးငယ်များအား ငယ်စဉ်ဘဝကစ၍ ကျန်းမာသန့်ရှင်း အန္တရာယ်ကင်းသည့် အစားအစာများ၊ သံဓာတ်၊ အိုင်အိုဒင်းနှင့် အာဟာရပြည့်ဝသော အစားအစာများကို ဂရုတစိုက် ကျွေးမွေးပြီး ပြုစုစောင့်ရှောက် ကြရမည်ဖြစ်သည်။

မိခင်နှင့်ကလေးငယ်များအပါအဝင် လူတိုင်း လူတိုင်း အသက်အရွယ်မရွေး ဗီတာမင်ဓာတ်များ၊ အသား၊ အသီးအနှံနှင့် အစားအစာများကို စုံလင်မျှတစွာ စားသုံးခြင်းတို့ဖြင့် **အာဟာရပြည့်လျှံ ရောဂါစင်ပြီး ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ**မှုရရှိကြမည်ဖြစ်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ လက်တွဲ၍ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆက်လက်အသိပညာပေး မြှင့်တင်နေကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

**ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး မူကြို အရွယ်ကလေးငယ်များအတွက် အာဟာရပြည့်ဝသော အစားအစာ အချက်အပြုတ်ပြိုင်ပွဲတွင် ပထမဆုရ သန်လျင်မြို့နယ်၊ ဒုတိယဆုရ ကြည့်မြင်တိုင်မြို့နယ်နှင့် တတိယဆုရ ပုဇွန်တောင်မြို့နယ်တို့မှ အာဟာရ ချက်ပြုတ်ရေးအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။**

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က တိုင်းအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှမြင့်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားဆေးနှင့် ဗီတာမင် B1 ဆေးများ ဝေငှခြင်းနှင့် အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ဗီတာမင်တိုက်ကျွေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲတွင် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများတိုက်ကျွေးစဉ်။** (သတင်းစဉ်)

## နစ်မြုပ်/ကမ်းတင် ရေယာဉ်နှင့် တံတားများ ပြန်လည်ဆယ်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မုန်တိုင်းကြောင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်/ကမ်းတင်ရေယာဉ်များနှင့် တံတားများပြန်လည်ဖော်ယူ ဆယ်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မုန်တိုင်းကြောင့် ရေလမ်းကြောင်းများအတွင်း နစ်မြုပ်/ကမ်းတင်ရေယာဉ်များနှင့် တံတားများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက မိမိတို့ အစီအစဉ်ဖြင့်လည်းကောင်း၊ ဌာနများ ပူးပေါင်း၍လည်းကောင်း ဖော်ယူကမ်းချခြင်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ ရေလမ်းကြောင်းများတွင် ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထပ်မံဆယ်ယူရန် ကျန်ရှိသည့် ရေယာဉ်များအား အမြန်ဆုံးဆယ်ယူကမ်းချခြင်းကို ဆက်လက်လုပ်ဆောင်သွားရန်လိုကြောင်း၊ ဌာနများအလိုက် လိုအပ်ချက်များရှိပါက တင်ပြသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။**

ထို့နောက် ရေလမ်းကြောင်းရှင်းလင်းရေးနှင့် နစ်မြုပ်ရေယာဉ်ဆယ်ယူရေးကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဌာနအလိုက် နစ်မြုပ်/ကမ်းတင် ရေယာဉ်များ ဆယ်တင်ဆောင်ရွက်မှု အခြေအနေ၊ လိုအပ်သော အထောက်အကူပစ္စည်းများရရှိမှု အခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ရေလမ်းကြောင်းအတွင်း ပင်လယ်ကူးသင်္ဘောကြီးများ ယခင်အခြေအနေအတိုင်း သွားလာနိုင်ရေး ဆောင်ရွက်သွားရန်၊ ဆက်လက်ဆယ်ယူရန် ကျန်ရှိသည့် ရေယာဉ်များအရှိန်အဟုန်မြှင့်၍ ဌာနဆိုင်ရာများ ပူးပေါင်းပြီး အမြန်ဆုံး ပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန်၊ လိုအပ်ပါက ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပစ္စည်းကိရိယာ၊ နည်းပညာနှင့် ကျွမ်းကျင်သူများ ဆက်လက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



### အမှာစကားပြောကြား

**ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မုန်တိုင်း တိုက်ခတ်မှုကြောင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်/ကမ်းတင် ရေယာဉ်များနှင့် တံတားများ ပြန်လည်ဖော်ယူ ဆယ်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(ပို့ဆောင်ရေး)

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ရန်ကုန်တိုင်းအတွင်း၌ တစ်ပြိုင်တည်း ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန် တောင်ပိုင်းခရိုင် မင်္ဂလာတောင်ညွန့် မြို့နယ် ကန်တော်ကလေး ရပ်ကွက် (၈၉)လမ်း၌ ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်သာယာ ကျန်းမာရေးဌာနနှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေး မှူးရုံးတို့မှ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ သွေးလွန် တုပ်ကွေးရောဂါ ကာကွယ်တားဆီး ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသိပညာပေး ဟောပြောနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေး ကြသည်။

အလားတူ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေး စုပေါင်း ဆောင်ရွက်မှုကို တောင်ဥက္ကလာ၊ တာမွေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့၌ ယမန်နေ့ နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ဆောင်ရွက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ပြန်တမ်း

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဦးခင်မောင်ဇော်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပေါက်မြို့နယ် တက်မတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တော)





# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပေါက်မြို့နယ် တက်မတောင် စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူတို့က စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တက်မတောင် စိမ်းလန်းစိုပြည်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် တင်ဝင်းထွန်းကုမ္ပဏီလီမိတက် သစ်အခြေခံစက်ရုံရှင်းလင်းဆောင်၌ စက်ရုံဥက္ကဋ္ဌ ဦးတင်ဝင်းက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ တန်ဖိုးမြင့်သစ်ခွဲသားများ ထုတ်လုပ်ထားရှိမှု၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရေစကြိုမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မုံရွာမြို့နယ် ဗောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူတို့က ဗောဓိတစ်ထောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကြိုးဝိုင်းများ ထိန်းသိမ်းထားရှိမှု၊ သစ်တောစိုက်ခင်းများ ထူထောင်ထားရှိမှု၊ တရားမဝင်သစ် ပပျောက်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မုံရွာမြို့ရှိ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံဌာန အမှတ်(၅) အထပ်သားစက်ရုံ အမှတ်(၇၅)သစ်စက်နှင့် အမှတ်(၁) သစ်ပါးလွှာစက်ရုံတို့သို့ ရောက်ရှိပြီး စက်ရုံများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောင်းဦးမြို့နယ် နတ်ရေကန် ကာကွယ်တော ၂၀၀၇-၂၀၀၈ ခုနှစ် အခြားစိုက်ခင်းဧက ၅၀ နှင့် ရေပိုးစားဥယျာဉ်သို့ရောက်ရှိပြီး ပျိုးဥယျာဉ်နှင့် စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မဟော်ဂနီသစ်ပင်များ စိုက်ပျိုးပေးသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မြန်မာမေကောင်း သစ်အခြေခံစက်မှုကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံနှင့် Hi-Tech သစ်အချောထည်စက်ရုံတို့သို့ရောက်ရှိပြီး စက်ရုံများအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ပရိဘောဂများနှင့် တန်ဖိုးမြင့်သစ်ခွဲသား ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မန္တလေးမြို့ အမရပူရမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀၃) သစ်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Art Field ပန်းချီပြပွဲ လောကနတ်၌ ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂၅**

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် ပန်းချီပန်းပုကျောင်း(ရန်ကုန်)တို့မှ ဘွဲ့ရကျောင်းဆင်း ပန်းချီပညာရှင် ၁၀ ဦးတို့၏ Art Field အမည်ရှိ ပန်းချီပြပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ် အနုပညာခန်းမ၌ ခင်းကျင်းပြသမည် ဖြစ်သည်။

ပြပွဲတွင် ဆီဆေး၊ အခရိုင်လစ်၊ ရေဆေးတို့ဖြင့် မြန်မာ့ယဉ်ကျေးမှု သရုပ်ဖော်ပုံ၊ ပြည်ထောင်စုတိုင်းရင်းသားပုံနှင့် သဘာဝသရုပ်ဖော်ကျူးထားသည့် ပန်းချီကား ၅၄ ကားတို့ကို ပြသထားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ယနေ့ နံနက်ပိုင်းတွင် သယ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ခရိုင်အသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီခဲ့ကြသည့် အသင်းဝင်လူငယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

## အာဟာရပြည့်ဝ ကျန်းမာရအောင်

သဗ္ဗေသတ္တာ၊ ဋီတိကာသည်
အာဟာရလျှင်၊ အရေးထင်၏။
ကံစိတ်ဥတု၊ မျှတမှုဖြင့်
ရတုခါမီ၊ ပူအေးညီ၍
ရာသီအလိုက်၊ စားသုံးထိုက်သည့်
နှစ်ခြိုက်ဖွယ်ရာ၊ ထိုအစာကို
အာဟာရမျိုး၊ ပြည့်စုံဖြိုးအောင်
စိုက်ပျိုးလတ်ဆတ်၊ စားသုံးအပ်၏။
ရှေးအခါက၊ အစာလည်းဆေး
ဆေးလည်းအစာ၊ စကားလာသို့
ရောဂါကာကွယ်၊ အားအင်ကြွယ်ကို
ချိန်တွယ်မျှတ၊ စားသုံးကြ။
တန်ဆေးလွန်ဘေး၊ မျှတရေးကို
ချင့်တွေးဆင်ခြင်၊ စားသုံးလျှင်မူ
ပျော်ရွှင်ကျန်းမာ၊ စိတ်ချမ်းသာ၏။
တွေ့သမျှတွယ်၊ အစားလွယ်၍
အရွယ်မမျှ၊ ဝလွန်းကြလျှင်
အလှပျောက်ကွယ်၊ ရောဂါကြွယ်၏။
အစားမတော်၊ တစ်လုတ်သော်တည့်
မလျော်သည့်ဘေး၊ ဖြစ်တတ်ရေးကြောင့်
မနေ့သတိ၊ အမြဲရှိလော့။
အာဟာရပြည့်လျှင်၊ ရောဂါစင်၍
ပျော်ရွှင်ကျန်းမာ၊ စိတ်ချမ်းသာအောင်
သေချာကျနှ၊ လိုက်နာကြသော်
ဘဝလည်းလှ၊ လူလည်းလှ၍
လောကလူ့ရွာ၊ အလှဖြာလိမ့်
ကျန်းမာချမ်းသာကြစေသတည်း။ ။

**ပန်းတောင်းသန်းကြွယ်**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါမှ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈) တွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် မဆုဇာသိမ့်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (သတင်းစဉ်)

## တာရိုအာဆိုအား ဂျပန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်

**တိုကျို စက်တင်ဘာ ၂၅**

ဂျပန်နိုင်ငံ ဒိုင်ယက် လွှတ်တော်က လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)မှ ဥက္ကဋ္ဌဖြစ်သူ တာရိုအာဆိုအား ဂျပန်နိုင်ငံ၏ ၉၂ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာသည်။ ဒိုင်ယက်လွှတ်တော်ကိုယ်စား အောက်လွှတ်တော် ဥက္ကဋ္ဌ ယိုဟီးကိုနိုက ကြေညာပေးခဲ့သည်။

ထိုနေ့စောစောပိုင်းက ပါလီမန်နှစ်ရပ်ပေါင်း၍ ဝန်ကြီးချုပ်အသစ်မဲပေးပွဲတွင်အောက်လွှတ်တော်က တာရိုအာဆိုကို ရွေးပြီး အထက်လွှတ်တော်က အီချီရိုအိုဇာဝါကိုရွေးချယ်သည်။ သို့သော် ဂျပန်နိုင်ငံအခြေခံဥပဒေ စည်းကမ်းချက်အရ အောက်လွှတ်တော်၏ ဆုံးဖြတ်ချက်သည်သာ နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်သည်။

အာဆိုသည် ကိုအီဇူမီ၏ အစိုးရအဖွဲ့တွင် လည်းကောင်း၊ ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့တွင် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တနင်္လာနေ့က အယ်လ်ဒီပီပါတီ၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရသည်။ ကျူရှူးကျွန်းတောင်ပိုင်းမှ နိုင်ငံရေး အစဉ်အလာကောင်းများရှိသော မိသားစုမှ ဆင်းသက်လာပြီး ၁၉၇၉ ခုနှစ်တွင် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးခံရသည်။ ထို့နောက်ပါတီအထွေထွေအတွင်းရေးမှူးရာထူးကို နှစ်ကြိမ်တိုင်တိုင် ထမ်းဆောင်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အသစ် တာရိုအာဆိုနှင့် ဝန်ကြီး အဖွဲ့ဝင်များအား စက်တင်ဘာ ၂၅ ရက်က တိုကျိုတွင် တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကနေဒါအရှေ့ပိုင်းတွင် ဆေးခြောက်ပင် ၄၀၀၀၀ ကျော် သိမ်းဆည်းရမိ

**အော့တဝါ စက်တင်ဘာ ၂၄**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ်တွင် ယခုသီတင်းပတ်အစောပိုင်း၌ ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေရာ ဆေးခြောက်ပင်ပေါင်း ၄၀၀၀၀ ကျော်ကို သိမ်းဆည်းရမိကြောင်း စက်တင်ဘာ ၂၂ ရက်တွင် ထွက်ပေါ်လာသောသတင်းက ဖော်ပြသည်။

ပင်ပရွတ်အရပ်တွင် ဖော်ထုတ်တွေ့ရှိရသော ယခုသိမ်းဆည်းရမိမှုသည် ကနေဒါသမိုင်းတွင် အများဆုံးသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးမှုပင်ဖြစ်သည်။ ထိုဆေးခြောက်ပင်များကိုပြောင်းပင်များနှင့် ရောနှောစိုက်ပျိုးထားပြီး အနီးဝန်းကျင်ရှိ ရေကန်မှ ရေများကိုသွယ်ယူကာ ရေပေးထားသည်ကို တွေ့ရသည်ဟုဆိုသည်။

အဆိုပါ ပြည်နယ်တွင် ၂၀၀၃ ခုနှစ်အတွင်းကလည်း ဆေးခြောက်ပင်ပေါင်း ၃၀၀၀၀ ကို အရက်ချက်ရုံအနီး စိုက်ပျိုးထားသည်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ဖူးသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




## ဥရောပနိုင်ငံများ ဖွံ့ဖြိုးမှုအကူအညီပေးရန် အီးယူပါလီမန် တိုက်တွန်း

**ဘရပ်ဆဲလ် စက်တင်ဘာ ၂၄**

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် တရားဝင်ဖွံ့ဖြိုးရေး အကူအညီ (အိုဒီအေ)ကိုသက်ဆိုင်ရာ နိုင်ငံအသီးသီးမှ စုစုပေါင်း အမျိုးသားဝင်ငွေ (ဂျီအန်အိုင်)၏ သုည ဒသမ ၅၆ ရာခိုင်နှုန်း ထောက်ပံ့သွားရန် ကတိကဝတ်ပြုထားသည်။ ထိုကတိအတိုင်း ပြည့်မီအောင် ဆောင်ရွက်ကြရန် ဥရောပ ပါလီမန်က စက်တင်ဘာ ၂၃ ရက် တွင် တိုက်တွန်းလိုက်သည်။

ဥရောပသမဂ္ဂနိုင်ငံ ၂၇ နိုင်ငံ ရှိသည့်အနက် ၁၈ နိုင်ငံတို့သည် ကတိကဝတ်အတိုင်း အိုဒီအေရန်ပုံငွေ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေ မရှိကြောင်းကို နယ်သာလန်မှ သိချ်ဘာမင်က အစီရင်ခံတင်ပြထားသည်။

ပါဝင်

အိုဒီအေရန်ပုံငွေ ပြည့်မီအောင် ထည့်ဝင်နိုင်မည့် အခြေအနေမရှိသောနိုင်ငံများတွင် ဘယ်လ်ဂျီယံ၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ ပါဝင်သည်။

ယင်းရန်ပုံငွေရည်မှန်းချက်ကိုပြည့်မီအောင် ထည့်ဝင်နိုင်မည့် နိုင်ငံများတွင် ဒိန်းမတ်၊ အိုင်ယာလန်၊ လူဇင်ဘတ်၊ စပိန်၊ ဆွီဒင်နှင့် နယ်သာလန်နိုင်ငံတို့ ပါဝင်သည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက အိုဒီအေရန်ပုံငွေကို ပြည့်မီအောင် မထည့်ဝင်နိုင်လျှင် ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ်အတွက် ရည်မှန်းထားသော ဆင်းရဲမွဲတေမှု ထက်ဝက်လျှော့ချရေးကိစ္စမှာ အကောင်အထည်ပေါ်လာနိုင်မည်မဟုတ်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## မသန့်ရှင်းသော နို့နှင့် နို့ထွက်ပစ္စည်းငါးမျိုး စင်ကာပူ၌ တွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံမှ တင်သွင်းသည့် နို့နှင့် နို့ထွက်ပစ္စည်းငါးမျိုးတွင် အသက်အန္တရာယ် ဖြစ်စေသော မယ်လမင်းဓာတ်များ ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု စင်ကာပူ အာဏာပိုင်များက ပြောကြားသည်။

နှစ်မျိုးမှာ အနံ့အရသာရှိသည့် နို့ဖြစ်ပြီး ကျန်သုံးမျိုးမှာ နို့မှုန့်ဖြင့် ပြုလုပ်ထားသည့် မုန့်များဖြစ်ကြောင်း စင်ကာပူစိုက်ပျိုးရေး၊ စားသောက်ကုန်နှင့် မွေးမြူရေးဆိုင်ရာ အာဏာပိုင်(အေဗွီအေ)က ဗုဒ္ဓဟူးနေ့ နောက်ပိုင်းတွင် ပြောကြားသည်။

လွန်ခဲ့သော သောကြာနေ့ကတည်းက တရုတ်နိုင်ငံမှ နို့နှင့် နို့ထွက်ပစ္စည်းအားလုံး ရောင်းချခြင်းနှင့် တင်သွင်းခြင်းကို စင်ကာပူနိုင်ငံမှ ပိတ်ပင်ထားခြင်းကြောင့် ပြည်သူများ စိုးရိမ်ကြောက်လန့်စရာ မရှိကြောင်း အေဗွီအေက ပြောကြားသည်။

နို့နှင့် နို့ထွက်ပစ္စည်းများရောင်းချသူများနှင့် တင်သွင်းသူများအား ၎င်းတို့၏ ပစ္စည်းများကို ပြန်လည်သိမ်းဆည်းရန် အေဗွီအေက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ နို့နှင့် နို့ထွက်ပစ္စည်းများတွင် မသန့်ရှင်းသော မယ်လမင်းဓာတ်များ ပါရှိခြင်းကြောင့် ကလေး ၅၃၀၀၀ ကျော် ဖျားနာသောဝေဒနာ ခံစားခဲ့ရသည်။ ***အင်တာနက်။***

## ၂၀၁၀ ပြည့်နှစ်မတိုင်မီ ဂြိုဟ်တုနှစ်လုံး လွှတ်တင်ရန် ကိုလံဘီယာစီစဉ်လျက်ရှိ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၄**

ကိုလံဘီယာနိုင်ငံသည် ၂၀၁၀ပြည့်နှစ်မတိုင်မီ ယင်းနိုင်ငံ၏ ပထမဆုံး ဆက်သွယ်ရေးဆိုင်ရာဂြိုဟ်တုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ထောက်လှမ်းရေးဂြိုဟ်တုတို့ကို လွှတ်တင်ရန် စီစဉ်လျက်ရှိသည်ဟု ကိုလံဘီယာဒုတိယသမ္မတ ဖရန်စီကိုဆန်တို့စ်၏ ပြောကြားချက်ကို ကိုးကား၍ ဘိုဂိုတာတိုင်းမ်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားသည်။

ကိုလံဘီယာနိုင်ငံသည် ၂၀၁၀ပြည့်နှစ်မတိုင်မီ နိုင်ငံ၏ ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုကို လွှတ်တင်ရန် ရည်မှန်းထားပြီး အနာဂတ်တွင် ဒေသအနှံ့အပြားသို့ ဆက်သွယ်ရေးလွှမ်းခြုံမိရန် တိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံချက်များ ချမှတ်ထားသည်ဟု ဆန်တို့စ်က ပြောကြားသည်။

ထောက်လှမ်းရေးဂြိုဟ်တုသည် ကိုကာပင်ကဲ့သို့သော မူးယစ်ဆေးဝါးစိုက်ခင်းကို အဓိကထား ထောက်လှမ်းပြီး ဝန်ကြီးဌာန စစ်ဆင်ရေးလုပ်ငန်းနှင့် စိုက်ပျိုးထုတ်လုပ်မှုအတွက် သတင်းအချက်အလက်များ အထောက်အကူပေးသွားမည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်ပြီးချိန်တွင် ကိုလံဘီယာနိုင်ငံ၏ စစ်ဘက်သည် သူပုန်အဖွဲ့များ၏ လှုပ်ရှားသွားလာမှု အနေအထားတို့ကို လွယ်လင့်တကူသိရှိနိုင်ပြီး ၎င်းသူပုန်တို့ကို ထိုးစစ်ဆင်တိုက်ခိုက်ရာ၌ အသုံးပြုနိုင်မည်ဟု ဆန်တို့စ်ကဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## လာအို၌ ရွှေထုတ်လုပ်မှုကျဆင်းပြီး ကြေးနီထုတ်လုပ်မှုမြင့်တက်

**ဟနွိုင်း စက်တင်ဘာ ၂၄**

လာအိုနိုင်ငံ၌ လွန်ခဲ့သော နှစ်အနည်းငယ်က ရွှေထုတ်လုပ်မှု ကျဆင်းခဲ့သော်လည်း ကြေးနီထုတ်လုပ်မှုမှာ မြင့်တက်လာကြောင်း လာအိုနိုင်ငံ စွမ်းအင်နှင့်သတ္တုတွင်းဝန်ကြီးဌာနက ဖော်ပြသည်။

ရွှေအဓိက ထုတ်လုပ်သည့် ဇျူဘီယာနှင့် ဆီပွန်သတ္တုတွင်းလုပ်ငန်းနှစ်ခုက ၂၀၀၆ ခုနှစ်တွင် ၁၁ တန်နှင့် ၂၀၀၇ ခုနှစ်တွင် ကိုးတန် ထုတ်လုပ်သည်။ ယင်းကိန်းဂဏန်းအရ ယခုနှစ်တွင် ရွှေထုတ်လုပ်မှု ခြောက်တန် ကျဆင်းသွားမည်ဟု မျှော်လင့်ရကြောင်း ဖော်ပြသည်။

ယင်းအချိန်အတောအတွင်းကြေးနီထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ်၌ ၃၁ တန်နှင့် ၂၀၀၆ ခုနှစ်၌ တန်၆၀မှ ၂၀၀၇ ခုနှစ်တွင် ၆၂ တန်သို့ တိုးမြင့်လာကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ် အာကာသယာဉ် ရှန်ကျိုး-၇ နှင့် လိုက်ပါသွားပြီး အာကာသအတွင်း လမ်းလျှောက်မည့်တရုတ်အာကာသယာဉ်မှူးများအား နိုင်ငံအနောက်မြောက်ပိုင်း ကျန်စုပြည်နယ် ဂျူကွန် အာကာသစခန်းတွင် စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## လန်ဒန်ကိုဖြတ်၍ တိုရန်တိုမှ အမ္မရစ်ဆာသို့ အိန္ဒိယလေကြောင်းလိုင်း ပျံသန်းမည်

**တိုရန်တို စက်တင်ဘာ ၂၄**

အိန္ဒိယ လေကြောင်းလိုင်းသည် လက်ရှိအခြေအနေတွင် တိုရန်တို-ဘာမင်ဟမ်- အမ္မရစ်ဆာ ပျံသန်းနေရာမှ အောက်တိုဘာ ၂၆ ရက်မှစ၍ ခရီးစဉ်ကို ပြောင်းလဲပြေးဆွဲမည် ဖြစ်သည်။ ခရီးစဉ်သစ်အရ တိုရန်တို-လန်ဒန်-အမ္မရစ်ဆာ အသွားအပြန် ပျံသန်းမည်ဖြစ်သည်။

ခရီးစဉ်သစ်ကို တနင်္ဂနွေ၊ အင်္ဂါနှင့် သောကြာနေ့တို့တွင် ပုံမှန်ပျံသန်းမည်ဖြစ်ကြောင်း လေကြောင်းလိုင်း ပြောရေးဆိုခွင့်ရှိသူ ရမ်ကိုလီပါကမ်က ပြောကြားသည်။

အင်္ဂါနေ့တွင် ကနေဒါနိုင်ငံ တိုရန်တိုလေဆိပ်မှ ည ၉နာရီ မိနစ်၅၀တွင် ထွက်ခွာလာသော လေယာဉ်သည် လန်ဒန်သို့ ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းမည့် လေယာဉ်သည် ည ၁၁ နာရီတွင် ထွက်ခွာပြီး လန်ဒန်သို့ နောက်တစ်နေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်။

အင်္ဂါနေ့ခရီးစဉ်တွင် ပျံသန်းသောလေယာဉ်သည် အိန္ဒိယနိုင်ငံ အမ္မရစ်ဆာမြို့သို့ နောက်တစ်နေ့ည ၁၁နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထို့အပြင် သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းသော ခရီးစဉ်များမှာမူ စတင်ပျံသန်းပြီး နှစ်ရက်အကြာ နံနက် ၁နာရီ ၃၅မိနစ်တွင် အမ္မရစ်ဆာမြို့သို့ ဆိုက်ရောက်မည်ဖြစ်သည်။

အပြန်ခရီးစဉ်များတွင်လည်း အင်္ဂါနှင့် သောကြာနေ့ လေယာဉ်များသည် အမ္မရစ်ဆာမြို့မှ နံနက် ၆နာရီ မိနစ် ၄၀ တွင် ထွက်ခွာမည်ဖြစ်ပြီး ကနေဒါနိုင်ငံ တိုရန်တိုမြို့သို့ ည ၃နာရီ၃၅ မိနစ်တွင် ရောက်မည်ဖြစ်သည်။ တနင်္ဂနွေနေ့ခရီးစဉ်မှာမူ အမ္မရစ်ဆာမှ နံနက် ၉နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး တိုရန်တိုလေဆိပ်သို့ ညနေပိုင်း ၆ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

## ဗီယက်နမ်သို့လာရောက်သည့် ရုရှားခရီးသွားများအား ၁၅ ရက်ဗီဇာ ကင်းလွတ်ခွင့်ပြုမည်

**ဟနွိုင်း စက်တင်ဘာ ၂၄**

ဗီယက်နမ်နိုင်ငံ၌ ၁၅ရက် နေထိုင်မည့် ရုရှားနိုင်ငံသားများအား ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဗီဇာကင်းလွတ်ခွင့် ပြုမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနက အင်္ဂါနေ့တွင်ဖော်ပြသည်။

ရုရှားနိုင်ငံသား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများလည်း ၎င်းတို့ လည်ပတ်မည့်လမ်းကြောင်း ထည့်သွင်းမစဉ်းစားဘဲ စည်းမျဉ်းအသစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် နူယင်တန်ဒေါင်းက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

၂၀၀၇ ခုနှစ်က ဗီယက်နမ်သို့ ရုရှားခရီးသွား ၆၀၀၀၀ ကျော် လာရောက်ခဲ့ပြီး ယခုနှစ်တွင် ၇၀၀၀၀ ခန့် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း အမျိုးသားခရီးသွားအုပ်ချုပ်ရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံ တကာ သတင်း များ



ဗင်နီဇွဲလား ရေတပ်နှင့်အတူ တောင်အမေရိက ရေပြင်တွင် စစ်ရေးလေ့ကျင့်မည့် ရုရှား နိုင်ငံမြောက်ပိုင်း ရေတပ်ဖွဲ့မှ ပီတာသဂရိတ်ဒုံးပျံတင် ခရူဇာ အဏုမြူစစ်သင်္ဘောကို စက်တင်ဘာ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်၏ နိုင်ငံများကို စိုးမိုးချုပ်ကိုင်ရန် အကြံအစည် ယိုယွင်းလုနီးပြီဟု အီရန်သမ္မတ ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၂၄

**အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံများကို စိုးမိုးချုပ်ကိုင်ရန် အကြံအစည်မှာ ယိုယွင်းလုနီးပါးအခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည့်အပြင် အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် စစ်ရေးအရ စွက်ဖက်မှုများသည်လည်း ဆုံးခန်းတိုင်တော့မည်ဟု စက်တင်ဘာ ၂၃ ရက်က ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အီရန် သမ္မတက ထုတ်ဖော်ပြောကြားသည်။**

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားပြီး ဖြစ်သော်လည်း အမေရိကန်တပ်ဖွဲ့များ ထိုနိုင်ငံ၌ တပ်စွဲထားသည်မှာ ခြောက်နှစ်နီးပါး ရှိနေပြီဖြစ်သည်။ ထို့အပြင် အကြမ်းဖက်ဝါဒသည် အာဖဂန်နစ္စတန်သို့ ပျံ့နှံ့လာလျက်ရှိသည်ဟု အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျတ်က ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများတွင် အမေရိကန် အင်ပါယာထူထောင်ရန် ကြံစည်ကြိုးပမ်းနေမှုများသည် လမ်းဆုံးသို့ ရောက်ရှိနေခဲ့ပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ အမေရိကန်တို့၏ နောင်လာမည့် အစိုးရသစ်သည်လည်း အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့်ကိစ္စများကို ကန့်သတ်ရမည် ဖြစ်သည်ဟု ၎င်းက ဆိုသည်။

အမေရိကန်တို့သည် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံများ၌ စစ်ကို စတင်ဖန်တီးသူများ ဖြစ်သည့်အပြင် အနိုင်ကျင့်ဗိုလ်ကျလိုပြီး အရှိန်အဝါကို အသုံးပြုကာ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဖျက်လိုဖျက်ဆီး ပြုလျက်ရှိကြသည်ဟု ဒီနီဂျတ်က ပြစ်တင်ဝေဖန်သည်။

အီရန်နိုင်ငံတွင်း၌ နျူကလီးယား အစီအစဉ်အား အကောင်အထည်ဖော်နိုင်ရန် ကြိုးစားလျက်ရှိခြင်းမှာ ငြိမ်းချမ်းစွာ အသုံးပြုရန်သာ ဖြစ်သည်။ သို့သော် အမေရိကန်နှင့် အခြားနိုင်ငံများက သန့်စင်ပြီး ယူရေနီယံမှတစ်ဆင့် နျူကလီးယား လက်နက် ပြောင်းလဲထုတ်လုပ်မည်ကို အမှန်ပင် စိုးရိမ်လျက်ရှိသည်ဟု ၎င်းက ထပ်လောင်းကာ ရှင်းလင်း ပြောကြားသွားသည်။

***အင်တာနက်။***

# ဆီးရီးယားတွင် နျူကလီးယားပစ္စည်းများ မတွေ့ရကြောင်း အိုင်အေအီးအေ ထုတ်ပြန်

ဗီယင်နာ စက်တင်ဘာ ၂၃

ဆီးရီးယားနိုင်ငံ အယ်ကိုင်ဘာတွင် အပြည်ပြည်ဆိုင်ရာ နျူကလီးယား စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ကစုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် မသင်္ကာဖွယ်ရာ နျူကလီးယားဒြပ်ပစ္စည်းများကို မတွေ့ရှိရသော်လည်း နမူနာပစ္စည်းများကို ယူကာ ဓာတ်ခွဲစမ်းသပ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗီယင်နာရှိ အိုင်အေအီးအေမှ ညွှန်ကြားရေးမှူးချုပ် အယ်လ်ဘာရာဒေးက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

သို့သော် နျူကလီးယား ဓာတ်ပစ္စည်းဆိုင်ရာများနှင့် ဆက်နွှယ်သည့် အကြောင်းအရာများကို အိုင်အေအီးအေမှ တောင်းခံရာ ဆီးရီးယားတို့က မပေးခဲ့ကြောင်းကို အယ်လ်ဘာရာဒေးက အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင် အေဂျင်စီ ကောင်စီအစည်းအဝေးတွင် ထောက်ပြခဲ့သည်ဟု သိရသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် အစ္စရေးတို့သည် ဆီးရီးယားနိုင်ငံသို့ ကီလိုမီတာ ၁၀၀ ထိ ဝင်ရောက်ပြီး အယ်ကိုင်ဘာဒေသရှိ အဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့ပြင် ဆီးရီးယားတို့သည် ၎င်းဒေသတွင် နျူကလီးယားဆိုင်ရာလက်နက်များ ထုတ်လုပ်နေသည်ဟု အစ္စရေးတို့က အပြစ်တင်ပြောကြားသည်ကို ဆီးရီးယားတို့က ၎င်းကိစ္စရပ်များနှင့် ပတ်သက်ပြီး မဟုတ်မမှန်ကြောင်း ပြန်လည်ငြင်းဆိုသည်။ ထို့ကြောင့် အိုင်အေအီးအေကလည်း ထိုအချိန်မှစ၍ အထူးစုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ၎င်းကိစ္စနှင့် ပတ်သက်သည့် အကြောင်းအရာများကို တောင်းခံခဲ့ကြောင်း သိရသည်။

အယ်လ်ဘာရာဒေးသည် စက်တင်ဘာ ၂၂ရက်က ပြုလုပ်သည့် အစည်းအဝေး၌ ပြောကြားသွားရာတွင် အိုင်အေအီးအေမှ ယင်းတို့နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း လစ်ဗျားတို့သည် ထိုနိုင်ငံအတွင်း၌ နျူကလီးယား လက်နက်များ ထုတ်လုပ်မှုတွင် ဆက်စပ်ပါဝင်ခြင်း ရှိ၊ မရှိကို သေချာစွာ မသိရှိရသေးကြောင်း ပြောကြားသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဂါဇာနှင့်အီဂျစ်နယ်စပ်ရှိ ဥမင်လိုဏ်ခေါင်း ပြိုကျ၊ ခြောက်ဦး ပျောက်ဆုံး

ဂါဇာ စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၃ရက် ညပိုင်းက ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းနှင့် အီဂျစ်နယ်စပ်တွင် လျှို့ဝှက်၍ ဖောက်လုပ်ထားသော ဥမင်လိုဏ်ခေါင်းပြိုကျသွားသောကြောင့် အပျက်အစီးပုံများအောက်တွင် ပါလက်စတိုင်းလူမျိုး ခြောက်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု မျက်မြင်တွေ့ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။

### ပျောက်ဆုံး

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖာမြို့မှ မျက်မြင်သက်သေများ၏ အဆိုအရ လိုဏ်ခေါင်းပြိုကျမှုမဖြစ်မီ ယင်းဒေသတွင် ကျယ်လောင်သည့် အသံကြီးတစ်သံကို ကြားကြရကြောင်း၊ ထို့အပြင် ဥမင်လိုဏ်ခေါင်းတွင်းသို့ ဝင်ရောက်သွားသော လူခြောက်ဦးမှာလည်း ပျောက်ဆုံးနေကြောင်း သိရသည်။

ထိုအဖြစ်အပျက် ပေါ်ပေါက်သည်နှင့် အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ချက်ချင်း ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

### အမြတ်အစွန်းများစွာရ

ဟားမက်အဖွဲ့များသည် ၂၀၀၇ ခုနှစ် ဇွန်လလယ်ပိုင်းက ဂါဇာကမ်းမြောင်ဒေသကို ချုပ်ကိုင်ထားလိုက်သည်။ ထို့နောက်ပိုင်းတွင် အစ္စရေးတို့ကလည်း ဂါဇာဒေသ နယ်စပ်ဖြတ်ဂိတ်များကို ပိတ်ပင်ကန့်သတ်မှုများ ပြုလုပ်ထားသည်။ ယင်းအခြေအနေများကြောင့် အီဂျစ်နှင့်ဂါဇာ နယ်စပ်အောက်တွင် လျှို့ဝှက်ဖောက်လုပ်ထားသော ဥမင်များမှ ဖြတ်သန်းသော မှောင်ခိုကုန်သွယ်ရေးသည် အမြတ်အစွန်းများစွာရသော စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်လျက်ရှိသည်။

***အင်တာနက်။***

# လမ်းဘေးဗုံးကွဲ၍ ကဘူးတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူး စက်တင်ဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူး၏ အနောက်တောင်ပိုင်းတွင် စက်တင်ဘာ၂၄ရက်က အထက်တန်းရဲအရာရှိတစ်ဦးအား ရည်ရွယ်၍ ဖောက်ခွဲတိုက်ခိုက်သော လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိသွားသည်။

ကဘူးမြို့ရဲတပ်ဖွဲ့မှ ထောက်လှမ်းရေးဌာန၏ အကြီးအကဲ အလီရှား ပတ်တီဝါလ်ဦးဆောင်၍ ရှာဖွေမှုများ ပြုလုပ်နေစဉ် နံနက် ၉ နာရီခန့်၌ အိုင်အီးဒီဗုံးတစ်လုံး ပေါက်ကွဲသွားခြင်းဖြစ်သည်။ အာဖဂန်နှင့် အီရတ်နိုင်ငံများတွင် အိမ်လုပ် လမ်းဘေးထောင်ဗုံးများကို စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဆိုင်ရာများက အိုင်အီးဒီဗုံးဟု သုံးနှုန်းသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန်တပ်ဖွဲ့က ဆွန်နီအုပ်စု အကြီးအကဲကို မှားယွင်းပစ်ခတ်၍ သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ တိုက်ပွဲများပြီးချိန်အတွင်း စက်တင်ဘာ ၂၃ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များက အမေရိကန်ကိုထောက်ခံသော ဆွန်နီအုပ်စုမှ အကြီးအကဲ တစ်ဦးအား မှားယွင်းပစ်ခတ်မိသဖြင့် သေဆုံးသွားသည်ဟု စစ်ဘက်က ပြောကြားသည်။

အီရတ်တွင် အယ်လ်ခိုင်ဒါများအား ဆွန်နီအုပ်စုမှ ဆန့်ကျင်တော်လှန်ခြင်းသည် ယင်းဒေသတွင် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းမှစတင်ကာ အကြမ်းဖက်မှုများ လျော့နည်းလာရခြင်း၏ အခြေခံအကြောင်းတစ်ရပ်အဖြစ် စစ်ဘက်က လက်ခံထားသည်။

သေဆုံးသူ ဂျက်စမင်အယ်လ်-ဂါရော့သည် အမေရိကန်တပ်ဖွဲ့ဝင်များအား ချုံခိုတိုက်ခံရရာ ဘီဂျီဒေသ မြောက်ပိုင်းနှင့် ဆက်ဒမ်ဟူစိန်၏ မွေးရပ်ဇာတိ တီကရစ်မြို့အကြားရှိ အရပ်သို့ အလျင်စလို ဖြတ်သန်းသွားစဉ် ယခုကဲ့သို့ ပစ်ခတ်ခံရခြင်းဖြစ်သည်ဟု မျက်မြင်တွေ့သူများက ပြောကြားသည်။ အဆိုပါကိစ္စရပ်အတွက် အမေရိကန်တို့အား ဝန်ချတောင်းပန်ရန် ဆွန်နီအုပ်စုက တောင်းဆိုမည်ဟု ၎င်း၏အဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

# သဘာဝဘေးအန္တရာယ်အင်တာနက်သတင်းများ

## တရုတ်တောင်ပိုင်း၌ ဟာဂူပစ်မုန်တိုင်းတိုက်ခတ်

ကွမ်ကျိုး စက်တင်ဘာ ၂၄

တရုတ်နိုင်ငံတောင်ဘက် ကွမ်တုန်ပြည်နယ်တွင် စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က တစ်နာရီလျှင် ၁၇၂ ကီလိုမီတာနှုန်းဖြင့် ဟာဂူပစ် တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ကြောင်း သိရသည်။

မုန်တိုင်းသတင်းပေးချက်ထုတ်ပြန်ပြီး ယင်းပြည်နယ်ရှိ သင်္ဘော ၅၀၀၀၀ ကျော်၊ ငါးဖမ်းသမားများနှင့် သင်္ဘောသား ၂၀၀၀၀၀ နီးပါးကို စက်တင်ဘာ ၂၃ ရက်က ပြန်လည်ခေါ်ယူခဲ့သည်။

ယန်ကျင်မြို့ ကမ်းရိုးတန်းရှိ ပြည်သူ ၁၇၃၂၄ ဦးနှင့် ကူဝမ်စီရင်စုမှ ပြည်သူ ၁၁၀၀၀ တို့ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

စက်တင်ဘာ ၂၃ ရက် ည ၇ နာရီက ရှန်စီလေဆိပ်မှ ပျံသန်းမည့် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ ***အင်တာနက်။***

## မက္ကဆီကို ပစိဖိတ်ကမ်းရိုးတန်း၌ အင်အားပြင်းငလျင်လှုပ်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၄

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းတွင် စက်တင်ဘာ ၂၃ရက် ည ၇ နာရီ ၃၃ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုကို ဖော်ပြခြင်း မရှိကြောင်း မြို့ပြကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

အဆိုပါငလျင်သည် ဂျာလစ်ကိုပြည်နယ် ကမ်းရိုးတန်းမှ ၁၈၅ ကီလိုမီတာအကွာရှိ ပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း ကိုလိုရာဒိုဒေသရှိ အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***



## နီပေါနိုင်ငံအနောက်ပိုင်း၌ ရေကြီးမှုကြောင့် ပြည်သူ ၈၀၀၀၀ ကျော် ဘေးကင်းရာသို့ရွှေ့ပြောင်း

ခတ္တမန္ဒူ စက်တင်ဘာ ၂၄

နီပေါနိုင်ငံအနောက်ပိုင်းတွင် ရေကြီးခြင်းကြောင့် မိသားစု ထောင်နှင့်ချီ၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

စက်တင်ဘာ ၁၉ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နီပေါနိုင်ငံအနောက်ပိုင်း ခရိုင်ရှစ်ခုတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ခဲ့သည်။

### သေဆုံး

ရေကြီးခြင်းကြောင့် ၂၆ ဦးကျော် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း လူ ၈၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အစိုးရက ပြောကြားသည်။

ကီလာလီခရိုင်တွင် ရေကြီးခြင်းကြောင့် ပါတယ်မန်ပူရာဒေသရှိ အရှေ့နှင့်အနောက် အဝေးပြေးလမ်းပိုင်း ပျက်စီးပြီး တယ်လီဖုန်းနှင့် လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

***အင်တာနက်။***

# မိခင်နို့သာ အကောင်းဆုံး

## ဒေါက်တာအေးအေးသော်

**မွေးကင်းစကလေးအတွက် အာဟာရကတော့ မိခင်နို့သာ ဖြစ်ပါသည်။ မိခင်နို့ဟာ ကလေးအတွက် ပြီးပြည့်စုံတဲ့အစာ ဖြစ်ပါသည်။ မိခင်နို့မှာ ကလေးအတွက် အင်အားဖြစ်စေတဲ့ အာဟာရတွေ၊ ခန္ဓာကိုယ်ကြီးထွားစေတဲ့ အာဟာရတွေ၊ ရောဂါကာကွယ်စေတဲ့ အာဟာရတွေ ပါဝင်ပါသည်။ ဒီအာဟာရတွေကို မိခင်စားနေကျ အစာတွေကပဲ ရရှိပါသည်။ ထို့ကြောင့် မိခင်ဟာ အာဟာရ စုံလင်စွာ စားရပါမည်။ သို့မှသာ မိခင်နို့မှာလည်း အာဟာရဓာတ်များ စုံလင်စွာပါရှိနေမှာ ဖြစ်ပါသည်။**

- အာဟာရဓာတ်များသည် ကလေးအသက် ခြောက်လအရွယ်အထိ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေနိုင်လောက်အောင် ပမာဏအားဖြင့် လုံလောက်စွာ ပါဝင်နေပါသည်။
- မိခင်နို့သည် အဆီဓာတ် ၄ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။ ထိုအဆီဓာတ် ပါဝင်မှုသည် အင်အားဓာတ် ကယ်လိုရီ စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ဒီအဆီဓာတ်ကို ချေဖျက်နိုင်ဖို့ လိုင်ပေ့(စ)ခေါ်တဲ့ အစာခြေအင်ဇိုင်းပါတဲ့အတွက် မိခင်နို့က အဆီကို လွယ်ကူစွာ ချေဖျက်နိုင်ပါသည်။
- ဦးနှောက်သည် သကြားကို အများဆုံးအသုံးပြုသည့် အင်္ဂါအစိတ်အပိုင်းဖြစ်ရာ ဉာဏ်ရည်အမြင့်ဆုံး သတ္တဝါဖြစ်သည့် လူသတ္တဝါအတွက် သကြားဓာတ် အများဆုံးပါဝင်သော မိခင်နို့သည် အကောင်းဆုံးဖြစ်ပါသည်။
- မိခင်တို့ရဲ့ စားသုံးမှုများလျှင် များသလို ဗီတာမင် ဘီဝမ်း၊ ဘီတူးနဲ့ ဗီတာမင်စီဓာတ်များလည်း ပါဝင်နေပါသည်။
- သတ္တုဓာတ်များဖြစ်တဲ့ သံဓာတ်၊ ထုံးဓာတ်နဲ့ ကော့ပါးဓာတ်များလည်း ပါဝင်ပါသေးသည်။
- မိခင်သည် အိုင်အိုဒင်း အာဟာရစားသုံးမှုများလျှင် များသလို မိခင်နို့တွင် အိုင်အိုဒင်းပါဝင်မှု မြင့်မားလာသည်။ ထို့ကြောင့် ရင်သွေးငယ်၏ ဦးနှောက်ဖွံ့ဖြိုးမှု ကောင်းစေရန်၊ ဉာဏ်ရည်ထက်မြက်စေရန် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များသည် အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးကြရပါမည်။
- အတော်အတန် အာဟာရချို့တဲ့နေသော မိခင်များသည် အာဟာရပြည့်ဝသော မိခင်များလောက် နို့ထွက်သည့်ပမာဏ မများသည်က လွဲ၍ ထိုမိခင်၏နို့တွင် အရေးကြီးသည့် အာဟာရဓာတ်များဖြစ်သော သကြားဓာတ်နှင့် ပရိုတင်းဓာတ် ပါဝင်မှုသည် အတူတူပင်ဖြစ်သည်။ အဆီဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဝမ်း၊ ဘီတူးစသည့် အာဟာရဓာတ်များ ပါဝင်မှုသည် မိခင်စားသုံးသည့် အာဟာရအပေါ်တွင် မူတည်၍ အနည်းအများ ခြားနားနိုင်ပါသည်။
- လမစေ့ဘဲမွေးသော မိခင်မှထွက်သော နို့တွင်ပါဝင်သည့် အာဟာရဓာတ်များသည် လစေ့ပြီးမှ မွေးသော မိခင်၏နို့နှင့် ကွာခြားပါသည်။ လမစေ့ဘဲမွေးသော မိခင်မှထွက်သောနို့တွင် ပရိုတင်း၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ်နှင့် ကလိုရိုက်ဓာတ်များ များပြားစွာ ပါဝင်နေပြီး လမစေ့သောကလေးကို လျင်မြန်စွာ ကြီးထွားစေနိုင်ပါသည်။ ထို့ကြောင့် ထိုလမစေ့ဘဲ မွေးသော ကလေးများကို မိခင်နို့ကို မပျက်မကွက် တိုက်ကျွေးရပါမည်။
- သတ္တဝါတစ်မျိုး၏မိခင်နို့သည် ယင်းသတ္တဝါ၏ ရင်သွေးငယ်အတွက် အကောင်းဆုံးသော အစာဖြစ်ပါသည်။ နွားပေါက်စကလေးအတွက် နွားနို့သည် အကောင်းဆုံးဖြစ်သလို ဆိတ်နို့သည် ဆိတ်သားပေါက်ကလေးအတွက် အကောင်းဆုံး၊ ကျွဲနို့သည် ကျွဲပေါက်စကလေးအတွက် အကောင်းဆုံး၊ လူမိခင်၏နို့သည် လူသတ္တဝါရင်သွေးငယ်အတွက် အကောင်းဆုံးသော အာဟာရဖြစ်ပါသည်။
- သတ္တဝါတစ်မျိုး၏ မိခင်နို့သည် အခြားသတ္တဝါ ရင်သွေးငယ်အတွက် အကောင်းဆုံးအစာ မဖြစ်ရုံမျှမက အန္တရာယ်ပင် ပြုနိုင်ပါသည်။

ဥပမာပြရလျှင် မိခင်သေဆုံးသွားသော သားပိုက်ကောင်ကလေးများကို နွားနို့တိုက်ကြည့်ရာ ထိုသားပိုက်ကောင်ကလေးများတွင် မျက်စိနှစ်ဖက်စလုံး အတွင်းတိမ်စွဲပြီး မျက်စိကွယ်သွားကြသည်ကို တွေ့ရကြောင်း သုတေသန အထောက်အထားရှိပါသည်။ ပင်လယ်ဖျံပေါက်စလေးများကို နွားနို့တိုက်ကြည့်ရာ နွားတွင်ပါဝင်သော သကြားဓာတ်ပမာဏသည် ပင်လယ်ဖျံနို့တွင် ပါဝင်သော သကြားဓာတ် ပမာဏထက် အဆမတန်များနေသဖြင့် ဖျံပေါက်စကလေးများ အပြင်းအထန် ဝမ်းပျက်ဝမ်းလျှော ဖြစ်ကြသည်ကို တွေ့ရပါသည်။

ထို့ကြောင့် လူသတ္တဝါ ရင်သွေးငယ်များအတွက် (လူ)မိခင်၏ နို့သည်သာ အကောင်းဆုံးဖြစ်ကြောင်း မိခင်နှင့် မိခင်လောင်းများ သဘောပေါက်သင့်ပါသည်။

ထို့ကြောင့် အောင်မြင်စွာ နို့ချိုတိုက်ကျွေးနိုင်ရန် အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်စေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်-

**(၁) ကလေးမွေးပြီး စောနိုင်သမျှစောစွာ ကလေးကို မိခင်နို့ တိုက်ကျွေးရပါမည်။**
**(၂) နို့ဦးရည်ကြည်ကို မညှစ်ပစ်ဘဲ ကလေးကို တိုက်ကျွေးရပါမည်။**
**(၃) ကလေးအသက် ခြောက်လပြည့်သည်အထိ အခြားမည်သည့်ရေ၊ အရည်နှင့် အဖတ်များကိုမျှ မကျွေးရပါ။**
**(၄) မိခင်နို့ကို မကြာခဏ တိုက်ကျွေးပါ။ သို့မှသာ နို့ရည် ပိုမိုထွက်လာမှာ ဖြစ်ပါသည်။**
**(၅) မိခင်ရဲ့သားမြတ်ကိုလည်း သန့်ရှင်းစွာ ထားရပါမည်။**
**(၆) နို့တစ်ခါတိုက်လျှင် အချိန်ကြာကြာ တိုက်ရပါမည်။**
**(၇) နေ့ရောညပါ တိုက်ရပါမည်။**
**(၈) မိမိအိမ်အပြင်ထွက်ပြီး အလုပ်သွားလုပ်ရသော မိခင်များသည် မိမိ၏နို့ကို သန့်ရှင်းသောလက်ဖြင့် သန့်ရှင်းသော ခွက်အတွင်းသို့ ညှစ်ချပြီး အိမ်တွင် ထားခဲ့နိုင်ပါသည်။ (သာမန်အခန်း အပူချိန်တွင်ပင် ထားနိုင်ပါသည်။)**
**(၉) အခြားမိခင်နို့နှင့် အလားတူ ထုတ်လုပ်ထားသော မည်သည့်နို့မှုန့်၊ နို့ဆီနှင့် နို့ထွက်ပစ္စည်းကိုမျှ မတိုက်ကျွေးသင့်ပါ။ ။**

**မွေးကင်းစကလေးအတွက် အာဟာရကတော့ မိခင်နို့သာ ဖြစ်ပါသည်။ မိခင်နို့ဟာ ကလေးအတွက် ပြီးပြည့်စုံတဲ့အစာ ဖြစ်ပါသည်။ မိခင်နို့မှာ ကလေးအတွက် အင်အားဖြစ်စေတဲ့ အာဟာရတွေ၊ ခန္ဓာကိုယ်ကြီးထွားစေတဲ့ အာဟာရတွေ၊ ရောဂါကာကွယ်စေတဲ့ အာဟာရတွေ ပါဝင်ပါသည်။ ဒီအာဟာရတွေကို မိခင်စားနေကျ အစာတွေကပဲ ရရှိပါသည်။ ထို့ကြောင့် မိခင်ဟာ အာဟာရစုံလင်စွာ စားရပါမည်။ သို့မှသာ မိခင်နို့မှာလည်း အာဟာရဓာတ်များ စုံလင်စွာပါရှိနေမှာ ဖြစ်ပါသည်။**

## ဆေးတက္ကသိုလ်(၁) (၁၉၈၃-၈၈)ကျောင်းသား၊ ကျောင်းသူများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

၁၉၈၃-၈၈ခုနှစ်တွင် ဆေးတက္ကသိုလ်(၁)၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် M3 Food Center၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါဆရာကန်တော့ပွဲနှင့် သူငယ်ချင်းများ ပြန်လည်တွေ့ဆုံပွဲအတွက် လိုအပ်သော အမှတ်တရပစ္စည်းများ၊ သူငယ်ချင်းများ၏ မှတ်တမ်းစာအုပ် ပြုစုထုတ်လုပ်နိုင်ရန်အတွက် ဓာတ်ပုံများ၊ ကိုယ်ရေးအချက်အလက်များ၊ အလှူငွေများကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၉ရက်တွင် အချိန်မီ ပေးပို့နိုင်ရန်အတွက် ခင်သီတာအောင် ၀၉-၅၁၆၅၅၁၂၊ ခိုင်ခိုင်ဇော် ၀၉-၅၀၁၉၄၅၀၊ သန်းသန်းအေး ၀၉-၅၀၂၂၇၆၆၊ အေးအေးပြုံး ၀၉-၅၀၀၇၀၆၈၊ အေးအေးခိုင် ၀၉-၅၀၀၃၀၇၀၊ ဌေးဌေးအောင် ၀၉-၅၁၄၇၅၆၀၊ ခင်မောင်လွင် ၀၉-၈၀၃၀၄၄၅၊ မြင့်စိုး ၀၉-၅၁၁၂၇၀၀၊ မောင်မောင်လွင် ၀၉-၅၁၁၃၀၉၇၊ ဟံဝင်း ၀၉-၅၀၁၃၁၈၉၊ အောင်ကျော်ထူး ၀၉-၅၀၀၇၄၃၉၊ အောင်ကြည် ၀၉-၅၁၇၂၃၈၁၊ အေးမောင် ၀၉-၈၀၃၂၆၆၇၊ အောင်ထွန်း၀၉-၅၀၀၂၇၇၅တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**စက်တင်ဘာ ၂၀ရက်က ရန်ကုန်မြို့ (၄၅)လမ်းရှိ ဟသ်ာတအသင်းတိုက် အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာ ခင်မိုးမိုး မိသားစု (SWESONE MEDIA GROUP)က ငွေကျပ် ၁၀သိန်းကို ဟသ်ာတအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းညွန့်နှင့် ဦးတင်ရှိန်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (၅၃၆)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၉-၂၀၀၈ (သောကြာနေ့)**

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "မိဘကျေးဇူးဆပ်ဖူးပြီလား"တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ)
၈း၀၀ - ၂း၀၀ တေးဂီတအစီအစဉ်
၈း၀၅ - ၂း၀၅ ထင်ရှားဖူးမြော် ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၈း၂၀ - ၂း၂၀ VJ Choice
၈း၄၅ - ၂း၄၅ Rainforest Homeland (အပိုင်း-၂)
၉း၁၀ - ၃း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀ တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၄၀ - ၃း၄၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၉း၅၅ - ၃း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၀း၂၀ - ၄း၂၀ မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀ **နောက်မကျရအောင် (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
၁၀း၄၀ - ၄း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀ Art Vision (Aesthetic HLAING Art Exhibition
၁၁း၁၀ - ၅း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀ မြန်ပြည်တွင် ဆီရေချိုးလို့ သည်ဆွေမျိုးတို့ချမ်းမြေစေဖို့
၁၁း၄၀ - ၅း၄၀ လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၂း၀၀ - ၆း၀၀ ဂီတသံစဉ်အလှဆင် 'မေဆွိ'
၁၂း၂၀ - ၆း၂၀ Fashion Guide (International Fashion & Wedding Show)
၁၂း၅၀ - ၆း၅၀ UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo၊

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ဥတုရာသီ တောကိုမှီ၏

## မိတ္ထီလာ-သာစည်ဒေသ၌ စိုက်ပျိုးရေရရှိရေး စက်ရေတွင်းများ တူးဖော်မှု

# အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာမြို့နယ် တောမကျေးရွာ၌ စိုက်ပျိုးထားသည့် မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်(၆) ဝါမျိုးကို အထွက်နှုန်း အမြင့်ဆုံးရရှိစေရန် တစ်ကွင်းတစ်စပ်တည်း ဧက ၅၀ စိုက်ပျိုးထားမှု၊ ဝါခင်း၌ ပေါင်းရှင်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး ငွေချည်(၆)ဝါမျိုးကို တောင်သူများ စီးပွားဖြစ် စိုက်ပျိုးကြစေရန် နည်းပညာပေး ဆောင်ရွက်ကြရန် မှာကြားသည်။ ငွေချည်(၆)ဝါမျိုးသည် တစ်ဧကပိဿာ ၁၆၀၀ ထွက်ရှိကြောင်း သိရှိရသည်။**

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးဦးဌေးဦးသည် မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာ၌ တူးဖော်ထားသည့် စက်ရေတွင်းအမှတ်(၂၀)မှ ရေကို စပါးစိုက်ခင်းများသို့ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ပူးတွဲတပ်ဆင်ထားသည့် အင်ဂျင်စက်ဖြင့် ရေသွင်းနေမှုနှင့် အောင်မြင် ဖြစ်ထွန်းနေသည့် စပါးခင်းများကို လည်းကောင်း၊ ညောင်ကိုင်းကျေးရွာ၌ တူးဖော်ထားသည့်စက်ရေတွင်းအမှတ်(၂၅)မှ ထွက်ရှိသည့်ရေကို တစ်နာရီလျှင် ရေဂါလန် ၂၅၀၀ ရေတင်နိုင်သည့်ခြေနင်းရေတင်ပန့်ဖြင့်တောင်သူများ၏ စပါးခင်းများသို့ စုပေါင်း ရေသွင်းမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် သာစည်မြို့နယ် အပျောက်ကျေးရွာ၌ စက်ရေတွင်းအမှတ်(၆၆)တွင် ခြေနင်းရေတင်ပန့်ဖြင့် လယ်ကွက်များ ရေသွင်း၍ မြေပြုပြင်ထွန်ယက်နေမှု၊ ကုန်းတောင်းကျေးရွာတွင် စက်ရေတွင်းများမှ ရေကို ရေပေးမြောင်းဖြင့် လယ်ကွက်များနှင့် ဆည်ငယ်၊ ကန်ငယ်သို့ ရေဖြည့်ပေးနေမှု၊ ကုန်းတောင်းကန် ရေဝင်ရောက်မှု၊ ကုန်းတောင်းရွာ တစ်ဝိုက်တွင် တူးဖော်ထားသည့် စက်ရေတွင်းများမှရေကို ခြေနင်းရေတင်ပန့်ဖြင့် လယ်ကွက်များရေသွင်း၍ မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်နေမှုနှင့် စပါးခင်းများ၌ ရေလုံလောက်စွာ ရရှိနေမှု၊ အပျောက်ကျေးရွာတွင် လက်လှည့်ရေတွင်းများ တူးဖော်နေမှုတို့ကို တောင်သူလယ်သမားများနှင့် အတူ လှည့်လည် ကြည့်ရှုအားပေးသည်။

မိတ္ထီလာ-သာစည် ဒေသတွင် ဆည်ရေရရှိမှုခက်ခဲသည့် ကွင်းပေါင်း (၃၃)ကွင်း၌ စက်ရေတွင်းပေါင်း ၈၀၀ ကျော် တူးဖော်ရန် လျာထားရာ ယခုအခါ တူးဖော်ဆဲ ၅၃ တွင်းရှိပြီး ၂၇ တွင်းမှာ ရေရရှိလျက်ရှိပြီ ဖြစ်သည်။ စက်ရေတွင်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ တောင်သူလယ်သမားများ၊ စေတနာအလှူရှင်များ စုပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ရေတွင်းတစ်တွင်းလျှင် ဧက ၂၀ မှ ၂၅ ဧကအထိ စိုက်ပျိုးရေ ရရှိကြပြီး ရေတင်ရာတွင် ဒီဇယ်ဆီ သက်သာသည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ပူးတွဲသုံးသည့် အင်ဂျင်စက်များ အသုံးပြုခြင်း၊ ခြေနင်းရေတင်ပန့်များ သုံးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရာ မိုးစပါးသာမက နွေသီးနှံများ စိုက်ပျိုးရေးအတွက်လည်း ရေရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့သည် ညနေပိုင်းတွင် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ၌ တောင်သူလယ်သမားများအား တွေ့ဆုံဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာ၌ တူးဖော်ထားသည့် စက်ရေတွင်းအမှတ်(၂၀)မှ ရေကို စပါးစိုက်ခင်းများသို့ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ပူးတွဲတပ်ဆင်ထားသည့် အင်ဂျင်စက်ဖြင့် ရေသွင်းနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)





**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အောက်မင်္ဂလာဒုံလမ်းမကြီး ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

## မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း

# မင်္ဂလာဒုံလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းမှု စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့အဆင့်မြင့် ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က လူအား၊ စက်ယန္တရားအားတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်းမအနီး မဟာဗန္ဓုလလမ်းသို့ ရောက်ရှိပြီး မဟာဗန္ဓုလလမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် လမ်းမတော်မြို့နယ်ဘုန်းကြီး လမ်းဆုံမှ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း လမ်းဆုံအထိ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှုကိုကြည့်ရှုစစ်ဆေးကာလိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ကျောက်တံတားမြို့နယ်ရှိ ကုန်သည်ကြီးများ ဟိုတယ်ရှေ့ ဆူးလေဘုရားလမ်း လမ်းလယ်ကျွန်းအား မြို့အဂ်ီရပ်နှင့်အညီ တင့်တယ်မှုရှိစေရေးအတွက် အလှဆင်ကျောက်ပြားများ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ဘုရင့်နောင်လမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေးအတွက်ကမာရွတ်မြို့နယ်လှည်းတန်းလမ်းဆုံမှကမာရွတ်ချောင်းအထိကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း၊ အောက်မင်္ဂလာဒုံလမ်းမကြီး ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အလေအလွင့်မရှိရန်၊သတ်မှတ်ကာလအတွင်းပြီးစီးရန်၊ စံချိန်စံညွှန်းပြည့်မီစွာလုပ်ဆောင်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆-၉-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၀၀ ၈။ မြန်မာစာမြန်မာစကား
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၈)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်း -နတ်ဝိညာဉ်စစ်ဆင်ရေး (အပိုင်း -၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

## မြဝတီမဂ္ဂဇင်း၏ ၂၀၀၉ခုနှစ် လစဉ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

# ပြိုင်ပွဲဝင်ဓာတ်ပုံခေါင်းစဉ်များ ထုတ်ပြန်ကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၅**

မြဝတီမဂ္ဂဇင်း၏ ၂၀၀၉ခုနှစ် လစဉ်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ပူးပေါင်းကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင်ခေါင်းစဉ်များနှင့် ပေးပို့ရမည့်ရက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီ | ဆောင်းအလှ | ၁၅-၁၁-၂၀၀၈၊ ၁၆း၀၀နာရီ |
| ၂ | ဖေဖော်ဝါရီ | တို့ပြည်ထောင်စု | ၁၅-၁၂-၂၀၀၈၊ ၁၆း၀၀နာရီ |
| ၃ | မတ် | တပ်မတော်အင်အားရှိမှ | ၁၅-၁-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၄ | ဧပြီ | ရေသွန်းသာကြည်-ပျော်ရမည် | ၁၅-၂-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၅ | မေ | လုပ်အားဖြင့်အလှဆင် | ၁၅-၃-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၆ | ဇွန် | ဥတုရာသီတောကိုမှီ | ၁၅-၄-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၇ | ဇူလိုင် | ရွှေနိုင်ငံ | ၁၅-၅-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၈ | ဩဂုတ် | ရင်နှစ်သည်းချာ | ၁၅-၆-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၉ | စက်တင်ဘာ | စက်မှုနိုင်ငံဆီသို့ | ၁၅-၇-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၁၀ | အောက်တိုဘာ | ရွှေဝါရောင်စပါး ပြည့်စွမ်းအား | ၁၅-၈-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၁၁ | နိုဝင်ဘာ | လမ်းတံတားဖြင့် စွမ်းအားမြှင့် | ၁၅-၉-၂၀၀၉၊ ၁၆း၀၀နာရီ |
| ၁၂ | ဒီဇင်ဘာ | စာပြန်ပွဲ | ၁၅-၁၀-၂၀၀၉၊ ၁၆း၀၀နာရီ |

ပြိုင်ပွဲဝင်စည်းကမ်းချက်များကို စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းမှစတင်၍ ဖော်ပြလျက်ရှိကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တာဝန်ခံစာတည်း မြဝတီမဂ္ဂဇင်း ဖုန်း-၀၁-၆၄၂၂၀၃နှင့် ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဖုန်း-၀၁-၃၇၃၁၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ✳ ဆင်ဘိုမြို့မှ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးက ဆေးပဒေသာပင်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ ဆေးရုံသည် အလျား ၁၂၈ ပေ၊ အနံ ၁၀၃ ပေ၊ အမြင့် ၁၃ ပေ၊ တစ်ထပ် အာစီကွန်ကရစ်ခင်း၊ သွပ်မိုး၊ ဧရိယာ ၃ ဒသမ ၄၄ဧက ကျယ်ဝန်းပြီး ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၈ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့၍ နိုင်ငံတော်က ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ထောက်ပံ့ပစ္စည်းပေးအပ်**

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် နယ်မြေခံတပ်ရင်း အောင်စစ်သည်ခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ အမှာစကားပြောကြားပြီး မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ (၃)မိုင်စိုက်ကွင်း၌ ဆင်ဘိုရဲတပ်ဖွဲ့က စိုက်ပျိုးထားရှိသည့် ဆင်း(၃) မျိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြပြီး ဆင်ဘိုရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား နှုတ်ဆက်အားပေးစကားပြောကြား၍ ဆင်ဘိုမြို့မှ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ဆင်ဘိုမြို့ ဆွမ်ဒူကျေးရွာ ရေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆွမ်ဒူ-မံပင်-ခါယာလမ်းအတိုင်းထွက်ခွာရာ ဒေါ့ဖုန်းယန်မြို့ ဂျာအင်ယန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့သို့ ရောက်ရှိပြီး ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများအတွက် အဝတ်အထည်များနှင့် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က လယ်ယာမြေဧက ၄၀၀၀ ဖော်ထုတ် စိုက်ပျိုးသွားမည့် မံပိန်ကွင်း စီမံကိန်း စိုက်ကွင်း၌ ဆင်းဧကရီ(၃) မျိုးစပါး ဧက ၆၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေါ့ဖုန်းယန်မြို့ တိန်းသော်ကြီးပြင် ကာကွယ်တောအတွင်း မြောက်ပိုင်း တော်ဝင်ကျောက်စိမ်း ကုမ္ပဏီလီမိတက်နှင့် ငွေကြယ်ဖြူကုမ္ပဏီတို့၏ နှစ်ရှည်သီးနှံ ရော်ဘာဧက ၂၀၀၀၀ နှင့် ကျွန်းစိုက်ခင်းဧက ၁၀၀၀၀ စိုက်ပျိုးမည့် စီမံကိန်းရှိ ရော်ဘာပျိုးပင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**စိုက်ပျိုးထားပြီးဖြစ်**

အဆိုပါ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်နှင့် ငွေကြယ်ဖြူကုမ္ပဏီတို့အနေဖြင့် တိန်းသော်ကြီးပြင် ကာကွယ်တောအတွင်း ရော်ဘာဧက ၂၀၀၀၀၊ ကျွန်းနှင့် ပျဉ်းကတိုး၊ စပါးဧက ၁၀၀၀၀ တို့ကို စိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ ကျွန်းဧက ၁၂၅၀၊ ပျဉ်းကတိုးဧက ၂၅၀နှင့် ရော်ဘာဧက ၁၀၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ခါယာနှင့် နားလမ် လမ်းဘေးဝဲယာ ဧက ၇၀၀၊ ကချင်အထူးဒေသ(၂)မှ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငှက်ပျောစိုက်ခင်းများနှင့် ငှက်ပျောခိုင်များကို ကြည့်ရှုစစ်ဆေးကြပြီး ဒေါ့ဖုန်းယန်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

## ● ညီညာဖြစ်မှ

ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ခြင်းမှာ ကမ္ဘာ့နိုင်ငံများ အားလုံးနှင့် ပတ်သက်နေသော လုပ်ငန်းကြီးတစ်ရပ်ကို ပီပြင်စွာ ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပေသည်။ ကမ္ဘာ့နိုင်ငံများ စုစည်းလှုပ်ရှားသည့် လုပ်ငန်းများအနက် ပင်လယ်ရေကြောင်း ကူးသန်းသွားလာရေးလုပ်ငန်းသည် အခြေခံအကျဆုံး ဖြစ်သည်။

ပင်လယ်ရေကြောင်း ကူးသန်းသွားလာရေးလုပ်ငန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအရလည်းကောင်း၊ စီမံခန့်ခွဲမှုအရလည်းကောင်း ကမ္ဘာ့နိုင်ငံအများအပြားက စုပေါင်းလုပ်ဆောင်ရသည့် သဘောသဘာဝကိုလည်း မိမိတို့ တွေ့မြင်ရပေသည်။

သင်္ဘောပိုင်ရှင်၊ သင်္ဘောလုပ်ငန်းလုပ်ကိုင်သူ၊ သင်္ဘောဝန်ထမ်းများ၊ သင်္ဘောငှားရမ်းသူ၊ အာမခံလုပ်ငန်းရှင် စသူတို့မှာ တစ်နိုင်ငံတည်းမှ မဟုတ်၍ နိုင်ငံအများအပြားမှ ဖြစ်သဖြင့် အားလုံး ညီညာဖြစ်ဖြစ်လုပ်ဆောင်ပါမှ ပြီးစီးအောင်မြင်မည့် လုပ်ငန်းဖြစ်သည်။

သက်မဲ့ ဒြပ်ဝတ္ထုပစ္စည်းဖြစ်သော သင်္ဘောများသည်ပင်လျှင် တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ အမြဲတစေ ခုတ်မောင်းသွားလာနေရသည့်အားလျော်စွာ နိုင်ငံအသီးသီး၏ တရားဥပဒေစိုးမိုးမှု အမျိုးမျိုးအောက်မှ လုပ်ကိုင်ရသည့် သရုပ်သကန်ကိုလည်း တွေ့ရသည်။



အပျော်စီး ဇိမ်ခံသင်္ဘောကြီးတစ်စင်းကို တွေ့ရစဉ်။

ပင်လယ်ရေကြောင်း သွားလာမှုသည် ဘေးအန္တရာယ်ပြွမ်းသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်သည်။ ရံဖန်ရံခါတွင် ယင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်း၌ ပါဝင်လုပ်ကိုင်နေကြသူများမှာ မိမိတို့၏အသက်ကို ဖက်နှင့်ထုပ်ထားရသည့်နှယ် မလွယ်ကူလှပါ။ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာပင် သင်္ဘောဝန်ထမ်းများနှင့် သင်္ဘောတွင် လိုက်ပါလာသူများ အားလုံး အသက်ဇီဝိန်ကြွေရသည့် ဖြစ်ရပ်များမှာ သမိုင်းမှတ်တမ်း ဝင်ခဲ့ရပြီ ဖြစ်သည်။

တိုင်တဲနစ်သင်္ဘော (Titanic)၏ ကြမ္မာဆိုးမှာ သမိုင်းဖြစ်ရပ်မှန်အပေါ် အခြေခံသော ဇာတ်လမ်းတစ်ပုဒ်အဖြစ် အော်စကာဆုရ ဟောလိဝုဒ်ဇာတ်ကားကြီး ဖြစ်ခဲ့ရလေပြီ။

၎င်းအပြင် ပင်လယ်သမုဒ္ဒရာတွင် ရေနံယိုဖိတ်မှုဖြစ်ရပ်များ၊ ပင်လယ်ဓားပြတိုက်ခံရသည့် ဖြစ်ရပ်များ စသည်တို့မှာလည်း လူ့သမိုင်းတစ်လျှောက် ပေါ်ထွက်ခဲ့ဖူးပေပြီ။

ကမ္ဘာ့သယံဇာတများနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို ကိုလိုနီနယ်ချဲ့ အရင်းရှင်များက လက်ဝါးကြီးအုပ်ခဲ့သည့် ခေတ်ကပင် ပင်လယ်ရေကြောင်း ကူးသန်းသွားလာမှု စတင်ခဲ့သည်။ ရွက်သင်္ဘောနှင့် ရွက်လှေများဖြင့် ကူးလူးသွားလာခဲ့ကြသည့် ခေတ်မှသည် ခေတ်မီနည်းပညာသုံး သင်္ဘောများဖြင့် ခုတ်မောင်း သွားလာနေကြသော ယနေ့ခေတ်တိုင်အောင် ရေကြောင်းသွားလာမှု လုပ်ငန်းသည် ခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရသည်။

ယနေ့ကာလတွင်မူ သင်္ဘောလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံတိုင်းတွင် ပင်လယ်ရေကြောင်းဆိုင်ရာ ဥပဒေများ အာဏာသက်ဝင်နေပြီ ဖြစ်သည်။

မျက်မှောက်ခေတ်တွင် ပင်လယ်ရေကြောင်းသွားလာရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်နေကြသည်။

ပင်လယ်ပြင်အတွင်း လုံခြုံမှုရှိရေးနှင့် ပင်လယ်ရေကြောင်းအခြေပြု ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ရေး၌ ပိတ်ပင်ဟန့်တားနေမှုမှာ သင်္ဘောများ ဘေးအန္တရာယ် ကင်းရှင်းရေး ဖြစ်သည်။

နိုင်ငံတကာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ်သည် သင်္ဘောများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် စံချိန်စံညွှန်းများ သတ်မှတ်ပေးသည့်အပြင် ဥပဒေစည်းမျဉ်းများ ချမှတ်ပေးနေသည်။ ၎င်းအပြင် ပင်လယ်ရေကြောင်းသွားလာမှုလုပ်ငန်းအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်လည်း ညှိနှိုင်းပေးနေသည်။

နိုင်ငံတကာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေး နိုင်ငံတကာ လှုပ်ရှားမှုများတွင်လည်း ပါဝင်လှုပ်ရှားလျက်ရှိကြောင်း လေ့လာစေ့ငုတင်ပြလိုက်ရပေသည်။

## ☆ သိပ္ပံပညာရှင်မှ

သိပ္ပံပညာရှင်ကြီး၏ မိတ်ဆွေ ဇာဗီ ဂီဇီရီ ဆိုသူက လက်ဆောင်အဖြစ်ပေးခဲ့ခြင်း ဖြစ်သည်ဟု ဟီဘရူးတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျေရုဆလင်မြို့ရှိ ဟီဘရူးတက္ကသိုလ်ကို တည်ထောင်ရာတွင် အိုင်းစတိုင်းလည်း ပူးပေါင်းပါဝင်ခဲ့သည်။ အိုင်းစတိုင်း ကွယ်လွန်သောအခါ ၎င်း၏မှတ်တမ်းမှတ်ရာများကို ထိုတက္ကသိုလ်သို့ လွှဲပေးရန် သေတမ်းစာရေးပေးခဲ့သည်။ ထိုပစ္စည်းပစ္စယများနှင့်အတူ မှန်ပြောင်းတစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

ထိုအနက်ရောင် မှန်ပြောင်းသည် အလျား ခြောက်ပေရှည်ကာ အချင်း ရှစ်လက်မရှိသော မှန်ဘီလူးပါဝင်သည့် ကိရိယာဖြစ်သည်။ မှန်ပြောင်းကို လက်ဆောင်ပေးသူ ဂီဇီရီ၏အမည်ကို မှန်ပြောင်းပေါ်တွင် အမှတ်အသားပြုထားခြင်း၊ အိုင်းစတိုင်းနှင့် တွဲလျက် ထိုမှန်ပြောင်း၏ ဓာတ်ပုံများကို အထောက်အထား ပြုနိုင်ခြင်းတို့ကြောင့် ယင်းပစ္စည်းသည် အိုင်းစတိုင်းအသုံးပြုခဲ့သော မှန်ဘီလူးဖြစ်ကြောင်း အခိုင်အမာ အတည်ပြုနိုင်ခဲ့သည်။

အဆိုပါ မှန်ပြောင်းသည် အိုင်းစတိုင်း၏ မှန်ပြောင်းဖြစ်ကြောင်း ၂၀၀၄ ခုနှစ်တွင် ဖော်ထုတ်ပေးခဲ့သူမှာ သုတေသီပညာရှင် အီရှယ်အိုဖီရာ ဖြစ်သည်။

***အင်တာနက်။***



သိပ္ပံပညာရှင် အိုင်းစတိုင်းနှင့် ၎င်းအသုံးပြုခဲ့သည့် မှန်ပြောင်းတို့ကို တွေ့ရစဉ်။

## နှစ်(၆၀)ပြည့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၀၈ ခုနှစ် နှစ်(၆၀) ပြည့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day - 2008) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) အတွင်းရေးမှူးချုပ် Mr. Efthimios E.Mitropoulos ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)၏ ထာဝရကြိုးပမ်း အားထုတ်ဆောင်ရွက်မှုဆိုင်ရာ ဗီဒီယိုပြသ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တက်ရောက်လာကြသူများသည် ၂၀၀၈ ခုနှစ် နှစ် (၆၀)ပြည့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "ညစ်ညမ်းမှုကင်းမဲ့သော ပင်လယ်ပြင်၌ လုံခြုံစိတ်ချ၍ အန္တရာယ်ကင်းစွာ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရေး" (IMO's motto "Safe secure and efficient shipping on cleaner oceans")နှင့် စပ်လျဉ်းသည့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံရေကြောင်းဘက်ဆိုင်ရာဌာနများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တုပ်ကွေးရောဂါကာကွယ်ပါ

၁။ တုပ်ကွေးရောဂါသည် ရာသီမရွေး ဖြစ်ပွားနိုင်ပါသည်။ ရာသီဥတု အပြောင်းအလဲတွင် ပို၍ဖြစ်ပွားတတ်ပါသည်။ တုပ်ကွေးဖျားလျှင် (၃-၄) ရက်ခန့် အပူချိန်တက်၍ ဖျားခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်း၊ မျက်လုံးပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများ ဖြစ်တတ်ပါသည်။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ ရာသီဥတု အပြောင်းအလဲကြောင့် သဘာဝအရ ဖြစ်ပေါ်တတ်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ကူးစက်တတ်ပါသည်။ တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်လျှင် ဆောလျင်စွာ ပျောက်ကင်းပါသည်။

၃။ တုပ်ကွေးရောဂါမှကာကွယ်ရန်-

(က) နေပူမှလာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊

(ခ) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ၊

(ဂ) လူများပြားထူထပ်သော နေရာများကို ရှောင်ကြဉ်ပါ၊

(ဃ) နှာချေလျှင်၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ၊

(င) ဖျားနာမည်ဟု သံသယရှိပါက ရေများများသောက်ပါ၊ အနားယူပါ၊

(စ) အာဟာရပြည့်ဝအောင် စားသုံးပါ၊

(ဆ) ဗီတာမင်စီ အပြည့်အဝပါသော အသီးအနှံနှင့် အရွက်များကို စားပါ၊

လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ သွားရောက်ပြသ စစ်ဆေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ❍ ကျောဖုံးမှ

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်ထံ ပေးအပ်သည်။ ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းယုမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စာသင်ဆောင်များအတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေသင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာသင်ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းရည်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းယုမြို့ တာကြန့်ကျေးရွာ ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ကျန်းမာရေးဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းယု-မိုင်းယောင်း ကားလမ်းတစ်လျှောက် လမ်းဘေး(ဝဲ/ယာ)ရှိ အောင်မြင်ဖြစ်ထွန်းနေသည့် မိုးစပါးစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ဆေးရုံအုပ် ဒေါက်တာသစ်လွင်ထံ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် အားကစားပစ္စည်းများကို မြို့နယ်အားကစားတာဝန်ခံ ဦးဆိုင်ဝင်းတင်ထံ ပေးအပ်သည်။

(သတင်းစဉ်)

## ✳ နှင်းခူနာမှ

ပြုလုပ်သည်။ ခြောက်လအရွယ်တွင် ကလေးများ၏ ၁၃ ရာခိုင်နှုန်းသည် နှင်းခူရောဂါဖြစ်လာသည်ကိုတွေ့ရကြောင်း ပြန်ကြားခဲ့ကြသည်။ တစ်နှစ်မတိုင်မီ နှင်းခူရောဂါဖြစ်လာသည့် နှုန်းမှာ ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း ဖော်ပြထားသည်။

မိခင် သို့မဟုတ် ညီအစ်ကိုမောင်နှမတွင် နှင်းခူနာရောဂါရှိပါက ထိုကလေးများသည် မျိုးဗီဇကြောင့် တစ်နှစ်မပြည့်မီ နှင်းခူနာရောဂါဖြစ်လာရန် နှစ်ဆ အလားအလာရှိသည်ဟု ဆိုသည်။ ကလေးများကို ခြောက်လသား အရွယ်လောက်မှစ၍ စောစီးစွာ ငါးစားသုံးစေလျှင် နှင်းခူနာရောဂါ ဖြစ်ပွားနိုင်သည့် အန္တရာယ်ကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်စရာရှိသည်ဟု ပညာရှင်များက ယူဆသည်။

ငါးများတွင် အိုမီဂါ-၃ ဖက်တီးအက်စစ် ပေါကြွယ်ဝစွာ ပါဝင်သဖြင့် နှင်းခူနာရောဂါမဖြစ်စေရန် ထိုဓာတ်က ဟန့်တားနိုင်စရာရှိသည်ဟု သုတေသနပြုစုရေးအဖွဲ့က ပြောကြားသည်။

သို့သော် ငါးအဖြူစားသုံးသူနှင့် အိုမီဂါ-၃ ဓာတ်ကြွယ်ဝသော ငါးစားသုံးသည့်ကလေး ကွဲပြားနေမှုကြောင့် အိုမီဂါ-၃ ဓာတ်၏ အာနိသင်ကို တိကျစွာ ဖော်ပြနိုင်ခြင်းမရှိကြောင်း ၎င်းတို့က ပြောကြားသည်။

***အင်တာနက်။***

## ❖ ကမ္ဘာကြီးမှ

အရည်ပျော်ခဲ့သော် တစ်စုံတစ်ယောက်သောသူက ထိုဘဲရုပ်လေးများကို တွေ့ရှိပြီး သတင်းပို့ကြလိမ့်မည်ဟု သိပ္ပံဆရာတို့က မျှော်လင့်ထားသည်။

ဂရင်းလန်ကျွန်းနှင့် ကနေဒါနိုင်ငံတို့အကြား ဘတ်ဖင်ပင်လယ်အော် အတွင်းမှ တန်ဖိုးရှိသော ဂျာကော့ရှန်ရေခဲမြစ်၏ လှုပ်ရှားမှုအကြောင်း သတင်းအချက်အလက်များကို ထိုဘဲရုပ်လေးများက သိပ္ပံပညာရှင်အား ပေးလိမ့်မည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာခြင်း၏ ဆိုးကျိုးသက်ရောက်မှုကို ပို၍သိလိုသည့်အတွက် ရှာဖွေရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ် ဂျာကော့ရှန် ရေခဲမြစ်၏ အပေါက်များအတွင်းသို့ ဘဲရုပ်များကို ချခဲ့ကြခြင်းဖြစ်သည်။

တိုင်တန်းနစ်သင်္ဘောကို နစ်မြုပ်စေခဲ့သော ရေထဲတွင် မျောနေသော ရေခဲတောင်သည် အဆိုပါရေခဲမြစ်မှ ကွဲထွက်လာခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ သုတေသနပညာရှင်များက ရေခဲမြစ်သည် ဂရင်းလန်မှ ခွဲထွက်လာသော ခုနစ်ရာခိုင်နှုန်းခန့်ရှိ ရေခဲများဖြစ်သည်ဟု သုံးသပ်ကြသည်။

ရေခဲမြစ်များသည် ပင်လယ်ဆီသို့ ရွေ့လျားရာ၌ နွေရာသီတွင် အဘယ်ကြောင့် ပို၍မြန်ရသည်ကို နားလည်ရန်အတွက် ဘဲရုပ်များထံမှ ရရှိသော သတင်းအချက်အလက်များက အထောက်အကူပေးလိမ့်မည်ဟု ၎င်းတို့က ယုံကြည်ကြသည်။

ဘဲရုပ်လေးများတွင် ကတ်များကပ်ပေးထားရာ ကတ်များပေါ်၌ သိပ္ပံဆိုင်ရာစမ်းသပ်မှုနှင့် ဆုပေးမည်ဟု ဘာသာစကားသုံးမျိုးနှင့် ရေးသားထားသည့်အပြင် အီးမေးလ်လိပ်စာကိုပါ ထည့်ပေးထားသည်။

ကာလီဖိုးနီးယားရှိ နာဆာဓာတ်ခွဲခန်းမှ အယ်လ်ဘာတိုဘီဟာက တံငါသည်တစ်ဦး သို့မဟုတ် မုဆိုးတစ်ဦးသည် ဘဲရုပ်များကို တွေ့နိုင်လိမ့်မည်ဟု မျှော်လင့်နေသည်။ သို့သော် ယခုအချိန်အထိ တစ်ရုပ်တစ်လေမှ ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပေ။

***အင်တာနက်။***



# သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်းရှိ သီရိလင်္ကာနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ကွယ်လွန်သွားသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်း His Excellency Mr.D.B.Wijetunga အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၉-၂၀၀၈(သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စန္ဒီးဦး) [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]**
၈း၀၅ ၆။ တေးဂီတအစီအစဉ်
၈း၂၀ ၇။ အကပြိုင်ပွဲ
၈း၂၅ ၈။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ နှောင်းခေတ် တေးပဒေသာ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်း)
၄း၃၅ ၅။ အတီးပြိုင်ပွဲ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၅ ၇။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ- အေဝမ်းမောင်လှမျိုး)**
၅း၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၀ ၉။ သုမောင်၏တေးများ
၅း၄၅ ၁၀။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင်ရွှေညာဇာတ်ရှင်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း" (အပိုင်း-၁၂)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၃၂)**
၁၉။ အစီအစဉ်ပြီး၏။

# ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား ပြည်သူများအနေဖြင့် သက်ဆိုင်ရာနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ရန် တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၂၅

**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ၌ ယနေ့နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မဟာဗန္ဓုလပန်းခြံအတွင်း အမှတ်(၄၅) လိုင်းကားမှတ်တိုင်နောက်ရှိ ခြံစည်းရိုးထောင့် အမှိုက်ပုံအနီးမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး အပြစ်မဲ့ပြည်သူခုနစ်ဦး ဒဏ်ရာများ**(အားလုံးမစိုးရိမ်ရ)** ရရှိခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားလျှင် ဖြစ်ပွားချင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ရောက်ရှိပြီး ပတ်ဝန်းကျင်အား စနစ်တကျ ရှင်းလင်းဆောင်ရွက်ရာ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာမှ ၁၀ ပေခန့်အကွာရှိ ကားမှတ်တိုင် ထိုင်ခုံပေါ်တွင် ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော ချိန်ကိုက်မိုင်း တပ်ဆင်ထားသည့် ကက်ဆက်တစ်လုံးကို ထပ်မံတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းချိန်ကိုက်မိုင်းအား နံနက် ၁၁ နာရီ ၄၅မိနစ်တွင် ပေါက်ကွဲအောင် အချိန်ကိုက် စီမံဆောင်ရွက်ထားသည်ကို တွေ့ရှိရပြီး နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မိုင်းအသက်မဲ့ ပြုလုပ်ပြီးစီးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**ဝေဖန်ပြောဆို**

ယင်းကဲ့သို့ ပြည်သူများ အနားယူအပန်းဖြေရာ ပန်းခြံအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီး အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိသည့်သတင်းကို ကြားသိရသော ပြည်သူများက ယခုကဲ့သို့ ပြည်သူများအား အထိတ်တလန့်ဖြစ်စေပြီး ထိခိုက်ဒဏ်ရာရစေသည့်လုပ်ရပ်မျိုးကို လုပ်ဆောင်ရန် မသင့်ကြောင်း၊ အဆိုပါလုပ်ရပ်မျိုးသည် ပြည်သူများကိုသာ ဒုက္ခရောက်စေသည့် သေးသိမ်သောလုပ်ရပ်ဖြစ်သဖြင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်း၊ ယင်းအကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများကို ဖမ်းဆီးရမိပါက ထိထိရောက်ရောက် အပြစ်ပေးအရေးယူသင့်ကြောင်း ဝေဖန်ပြောဆိုလျက်ရှိကြသည်။

အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အသေးစိတ် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြုစောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ကြိုတင်ဖော်ထုတ်နိုင်မှသာ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်ဟု သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း အမှတ်(၄၅)လိုင်းကားမှတ်တိုင်နောက်ရှိ ခြံစည်းရိုးထောင့် အမှိုက်ပုံအနီးမှ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပြိုလဲပျက်စီးသွားသော ပန်းခြံ ခြံစည်းရိုးနှင့် အခြားအပျက်အစီးများကို တွေ့ရစဉ်။** (သတင်းစဉ်)

**အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများက ကက်ဆက်နှင့်နာရီတို့ အသုံးပြု၍ အချိန်ကိုက်ပေါက်ကွဲအောင် စီမံဆောင်ရွက်ထားသည့် ချိန်ကိုက်မိုင်းကို မိုင်းအသက်မဲ့ပြုလုပ်ပြီးနောက် တွေ့ရစဉ်။** (သတင်းစဉ်)






ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း စက်တင်ဘာ ၂၀ ရက်က ကျင်းပသော ပဲခူးတိုင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းအဆင့် ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲ (အမျိုးသားပြိုင်ပွဲ)၌ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ခရိုင်ပြန်/ဆက်)

# မြစ်သားမြို့နယ် မြစ်မခပန်းလောင် မြစ်ကူးတံတားသစ်ဖွင့်ပွဲ ကျင်းပ

## ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြား

နေပြည်တော် စက်တင်ဘာ ၂၅

**မန္တလေးတိုင်း မြစ်သားမြို့နယ် မြစ်မခပန်းလောင်မြစ်ကူး တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် အဆိုပါ တံတားသစ်ရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင်နှင့် မြစ်သားမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**





အစီအစဉ်အရ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ အလှူရှင် ဦးဆန်းဝင်းနှင့် မြစ်သားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကြည်တို့က မြစ်မခပန်းလောင် မြစ်ကူးတံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက ပန်းလောင်မြစ်ကူးတံတား ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ဧည့်သည်များသည် တံတားသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတံတားသစ်မှာ အရှည် ၁၂၅ပေ၊ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကာ တံတားခံနိုင်ဝန် ၃၅ တန်ဖြစ်ပြီး ငွေကျပ် ၅၁၆ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး မြစ်သားမြို့နယ်မှ ကျေးရွာပေါင်း ၁၅ ရွာ၊ ဝမ်းတွင်းမြို့နယ်မှ ကျေးရွာပေါင်းလေးရွာတို့မှ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများ၊ အလွယ်တကူ လျင်မြန်စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မြစ်သားမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာ ၁၉ ရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံစီမံကိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး စက်ရုံပတ်ဝန်းကျင်၌ အရိပ်ရ လေကာပင်များ စနစ်တကျ စိုက်ပျိုးရန်နှင့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ရက်အတွင်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဝမ်းတွင်းချည်မျှင်နှင့် အထည်စက်ရုံနှင့် ပျော်ဘွယ်မြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ (စီမံကိန်း)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပျော်ဘွယ် ဝါစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိပြီး ငွေချည်(၆) မိုးစိုက်ဝါ ၇၇ ဧက စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုနှင့် မိုးနှောင်းဝါ ငွေချည်(၆) နှင့် LRA ၅၁၆၆ ဝါမျိုးများဧက ၂၀၀ ကျော် စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်ဧကများတိုးချဲ့၍ အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပျော်ဘွယ် ဝါစိုက်ပျိုးရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(စက်မှု-၁)

# မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဆေးရုံများ ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

**အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၂ ရက်တွင် မန္တလေးပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက ငါးထပ်ဆေးကုသဆောင်သစ် ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် စစ်ကိုင်း ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာလှကျော်၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများအား တွေ့ဆုံ၍ ဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မှာကြားကာ စစ်ကိုင်း ခုတင် ၂၀၀ ဆံ့ ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးကော်မတီဝင်များ၊ လက်ထောက်ဆရာဝန်များ၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ အသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး စစ်ကိုင်းပြည်သူ့ဆေးရုံ၏ လူနာဆောင်များ၊ သားဖွားခန်း၊ မွေးကင်းစလူနာခန်း၊ ကလေးကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၅ ခုတင်ဆံ့ မြင်းမူပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ဆေးရုံ၏ လူနာဆောင်များ၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် သွားကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ချောင်းဦးပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ဆေးရုံ၏ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ခွဲစိတ်ခန်းနှင့် သားဖွားခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကြေးမုံ The Mirror စာကြည့်တိုက်ကဏ္ဍ

## စာကြည့်တိုက်မှူး တာဝန်ပေးအပ်ပွဲကျင်းပ

**ပန်းတနော် စက်တင်ဘာ ၂၅**

ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာစာကြည့်တိုက်မှူး တာဝန်ပေးအပ်ပွဲနှင့် စာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြဦးက အဖွင့်အမှာစကား ပြောကြားပြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်က စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွန်းရေးနှင့် စာကြည့်တိုက်ပညာ သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက သင်တန်းသားများကိုယ်စား ခရေကန်ကျေးရွာအုပ်စု စာရေး ဦးလှစိုးအား စာကြည့်တိုက်မှူးတာဝန် ပေးအပ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



## စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**လောင်းလုံ စက်တင်ဘာ ၂၅**

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကမြောကင်းကျေးရွာအုပ်စု အင်းကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး ဖိုးရာဇာ(၃) စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက်က ကျင်းပရာ တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ထွန်း၊ ထားဝယ်ခရိုင် ဦးစီးအရာရှိဦးထွန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးရွာကိုယ့်အားကိုယ်ကိုး ဖိုးရာဇာ(၃) စာကြည့်တိုက်ကို တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးညဏ်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပြီး တိုင်းလက်ထောက် ညွှန်ကြားရေးမှူးက စာကြည့်တိုက်အတွက် သုတ/ ရသ စာအုပ်များလှူဒါန်းကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

## ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**တောင်တွင်းကြီး စက်တင်ဘာ ၂၅**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သုတ၊ ရသ၊ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်း စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးလှရှိန်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များ လှူဒါန်းသည့် သုတ၊ ရသ၊ စာနယ်ဇင်းမျိုးစုံနှင့် ရွှေနိုင်ငံ၊ စိမ်းလဲ့ရွှေပြည်ဂျာနယ်များကို လက်ခံရယူသည်။

အဆိုပါ စာအုပ်၊ စာစောင်များကို ကျေးရွာအုပ်စု ၂၈ အုပ်စုမှ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၂၈ တိုက်အား အသီးသီး ပေးအပ်လှူဒါန်းခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သွေးလှူဒါန်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော သွေးလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကအဖွဲ့ဝင် မွန်ပြည်နယ်အသင်းနာယက၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်အားပေးကြသည်။**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကားပြောကြားပြီး သွေးလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကာ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သွေးလှူဘဏ်၌ သွေးလှူဒါန်းနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံဖြူဇရပ်မြို့နယ်မှ လေးဘာသာ ဂုဏ်ထူးရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှင်အရဟံခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မွန်ပြည်နယ်အတွင်း ပြည်နယ်အဆင့် စတုတ္ထ၊ မြို့နယ်အဆင့် အောင်ချက်ပထမ ရရှိသော မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယရရှိသော တံခွန်တိုင် အခြေခံပညာအထက်တန်းကျောင်း၊ ပြည်နယ်အဆင့်အဌမ၊ မြို့နယ်အဆင့် တတိယရရှိသော မုဒုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူး ရရှိသော ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ညနေပိုင်းတွင် မုဒုံမြို့ ကျောင်းနောက်ရပ် အခြေခံပညာမူလတန်းကျောင်း၌ အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသော ကျောင်းသူနှစ်ဦးနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျောင်းအတွက် ဘိလပ်မြေများ ပံ့ပိုးပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရွာလွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စက်တင်ဘာ ၂၃ ရက်တွင် ဗဟိုအလုပ်အမှုဆောင်သည် ပေါင်မြို့နယ်၊ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများသို့ သွားရောက်၍ အသင်း၏လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအရှေ့ပိုင်း မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၂၅

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၆ဒသမ ၈၉ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ မော်လမြိုင်မြို့တွင် ၃ဒသမ ၅၀လက်မ၊ ရေးမြို့တွင် ၃ဒသမ၁၁လက်မ၊ ပူတာအိုမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ဒသမ ၄၆လက်မစီ၊ သံတွဲမြို့နှင့် ခရမ်းမြို့တို့တွင် ၁ဒသမ ၃၈လက်မစီနှင့်မိုးကုတ်မြို့တွင် ဝဒသမ ၉၁လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

**ထူးခြားသည့်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၉း၃၀နာရီ တိုင်းထွာချက်များအရ ယမန်နေ့က တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ဟာဂူပစ်"သည် အပူပိုင်းမုန်တိုင်းငယ်အဆင့်သို့ အားလျော့ကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**စက်တင်ဘာ ၂၆ရက်ညနေထိခန့်မှန်းချက်။** ။စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင်မိုးပိုလာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၂ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) | ၂၄-၉-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၂၁ ဒသမ၉ ဒီဂရီစင်တီဂရိတ် (၇၁ဒီဂရီဖာရင်ဟိုက်) | ၂၅-၉-၂၀၀၈ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း | ၂၅-၉-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၅ဒသမ၈နာရီခန့် | ၂၄-၉-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၅-၉-၂၀၀၈ | Tr | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၄၃၂ မမ | ၂၇၂၇မမ | ၃၁၆၆မမ |
| ယနေ့အထိ | (၉၅ဒသမ၇၅လက်မ) | (၁၀၇ဒသမ ၃၆လက်မ) | (၁၂၄ဒသမ ၆၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄-၉-၂၀၀၈ရက် ၁၅း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

# မန္တလေးတက္ကသိုလ် ရွှေရတု အာစရိယပူဇော်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး တက္ကသိုလ် အနှစ်(၅၀) ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် အာစရိယ ပူဇော်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် မန္တလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယ ပူဇော်ပွဲတွင် ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်၌ အသက်(၆၅)နှစ်ပြည့်ပြီး မန္တလေးတက္ကသိုလ်တွင် အနည်းဆုံး တစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရွှေရတုအာစရိယ ပူဇော်ပွဲကျင်းပရေး ကော်မတီအနေဖြင့် အပူဇော်ခံကြမည့် ဆရာကြီး၊ ဆရာမကြီးများ၏ အမည်စာရင်းများကို ရှာဖွေစုဆောင်း၍ ပြုစုထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပြည့်စုံမှုများ ရှိနိုင်၍ မန္တလေးတက္ကသိုလ်တွင် အနည်းဆုံး တစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ကြသော ၂၀၀၈ ခုနှစ် ဇွန် ၁ ရက်၌ အသက်(၆၅)နှစ်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများသည် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြအေး ဖုန်း-၀၉၂၀၀၀၇၉၇၊ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဦးပိုမြင့် ဖုန်း-၀၉-၂၀၀၀၇၃၅ နှင့် အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီတို့သို့ ဆက်သွယ်၍ အမည်စာရင်း ပေးပို့ကြပါရန် သက်ဆိုင်ရာက ပန်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

# 'အချစ်ကလန်းတယ်' မြို့လယ်၌ ဆက်လက်ပြသ

**ရန်ကုန် စက်တင်ဘာ ၂၅**

ယခု သောကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **'အချစ်ကလန်းတယ်'**ဟာသဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ဆက်လက်ပြသမည်ဖြစ်သည်။

လူငယ်ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာများဖြစ်ကြသည့် မောင်သီလ၊ ဩရသတို့၏ လက်ရာ **'အချစ်ကလန်းတယ်'** ဇာတ်ကားမှာ ရတာမလို လိုတာမရဘဲ ဘဝကို မကျေနပ်နေကြသည့် လူပျိုကြီး အပျိုကြီးတို့၏ဘဝကို တူ၊တူမများက အစွမ်းကုန်မြှောက်ပင့်ပြီး အိမ်ထောင်ပြုချင်လာအောင် သွေးထိုးဖြားယောင်းကြပုံကို ဇာတ်လမ်းဆင်ထားသည့် ထူးထူးခြားခြား ဟာသဇာတ်ကားဖြစ်ပေရာ ရယ်ရွှင်ပျော်မြူးလိုသည့် ရုပ်ရှင်ချစ်ပရိသတ်များ အကြိုက်တွေ့ကြရမည့် ရုပ်ရှင်ကားတစ်ကားဖြစ်သည်။ မင်းမော်ကွန်း၊ ခန့်စည်သူ၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ ဗေလုဝ၊ မေတ္တာနှင့် ပွင့်တို့ အပါအဝင် ဟာသသရုပ်ဆောင်များ အင်အားအပြည့် ပါဝင်သရုပ်ဆောင်ထားကြသည်။



'အချစ်ကလန်းတယ်' ဟာသဇာတ်ကားမှ ခန့်စည်သူနှင့် မင်းမော်ကွန်းတို့၏ သရုပ်ဆောင်ဟန်။

## နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် တရုတ်ပြည်မှ ပျိုရွယ်မှု၏ လျှို့ဝှက်ချက်ကို ရှာဖွေလိုသည့် နဂါးဧကရာဇ်နှင့် မော်ဆရာမ စိယွမ်တို့၏ ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် **THE MUMMY TOMB OF THE DRAGON EMPEROR** ဂမ္ဘီရဇာတ်ကား ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီးကွန်ဖူးသရုပ်ဆောင် ဂျက်လီ ပါဝင်ထားသည်။

နေပြည်တော်ရုံတွင် နာမည်ကြီး ဟောလီဝုဒ် သရုပ်ဆောင်မင်းသမီးချော အင်ဂျလီနာဂျိုလီ ပါဝင်သည့် **WANTED** လျှို့ဝှက်သည်းဖို ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

ဘုရင်ရုံတွင် ကမ္ဘာကျော်ဝေါဒစ္စနေကုမ္ပဏီမှ ရိုက်ကူးသော **NARNIA** ဇာတ်ကား၊ ဆုထူးပန်ရုံတွင် အိန္ဒိယသရုပ်ဆောင်ဆန်ဂျေးဒတ် ပါဝင်သည့် **DUS** စွန့်စားမှုအသားပေးဇာတ်ကြမ်းကားနှင့် မြို့မရုံတွင် အက်ရှင်ဇာတ်ကားများဖြင့် နာမည်ကျော်နေသော အိန္ဒိယရုပ်ရှင်သရုပ်ဆောင် အက်ရှေကူးမား ပါဝင်သည့် **KHILADI 420** ဇာတ်ကြမ်းကားများ ပြသမည်ဖြစ်သည်။

## တစ်ကျော့ပြန်ပြသ

မြို့လယ်ဝဇီရာရုံတွင် **'မမ္ဘာသောကအင်းဝရာဇာ'** မြန်မာဇာတ်ကား တစ်ကျော့ပြန် ပြန်လည် ပြသသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(ကြေးမုံ)

# ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** အောင်မြင်ချမ်းသာ Mining ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးဘန်နီချစ်က အလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌထံ ပေးအပ်သည်။

ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်အထိ အဆိုပါခန်းမ၌ နေ့စဉ် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ဆယ်သင်းပါဝင်ယှဉ်ပြိုင်ကြကာ စုစုပေါင်းပြိုင်ပွဲ ကိုးမျိုး ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ကားလင်းဖလား လက်ရှိချန်ပီယံ စပါးတို့ နိုင်ပွဲစရ အဝေးကွင်းတွင် ဝီဂန်နှင့် ချယ်လ်ဆီးတို့ ဂိုးပြတ်သွင်းပြီးအနိုင်ယူ

လန်ဒန် စက်တင်ဘာ ၂၅

**ကားလင်းဖလား တတိယအဆင့် ဒုတိယနေ့ပွဲများကို ကြာသပတေးနေ့နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံ စပါးတို့ နိုင်ပွဲစရခဲ့ပြီး ဝီဂန်နှင့် ချယ်လ်ဆီးတို့ဟာ အဝေးကွင်းမှာ ပြိုင်ဘက်တွေကို ဂိုးပြတ်သွင်းပြီး အနိုင်ယူကာ နောက်တစ်ဆင့်တက်သွားပြီဖြစ်ပါတယ်။**

## ခြေစွမ်းပြတဲ့ချယ်လ်ဆီး



ချယ်လ်ဆီးမှာ ကာဗယ်ဟို၊ ဒေကိုနဲ့ အက်ဆီယန်တို့ ပါဝင်ကစားနိုင်ခြင်း မရှိပေမယ့် အဝေးကွင်းမှာ ခြေစွမ်းပြပြီး ပို့စ်မောက်ကို ဂိုးပြတ်သွင်းကာ အနိုင်ယူခဲ့ပါတယ်။ အိမ်ရှင် ပို့စ်မောက်တို့ဟာ ရှေ့မှာ ပီတာခရောချ် တစ်ယောက်တည်းကိုသာ အထောင်ထားပြီး ၄း၅း၁ ပုံစံနဲ့ ပွဲထွက်ခဲ့ပေမယ့် ချယ်လ်ဆီးကို မယှဉ်နိုင်ခဲ့ပါဘူး။ ချယ်လ်ဆီးနောက်တန်းမှာ အဲလက်စ်နဲ့ အိုင်ဗင်နိုဗစ်တို့ကို ပွဲထုတ်ခဲ့ပြီး ရှေ့မှာတော့ ဒရော့ဘာနဲ့ ကာလူးတို့ တိုက်စစ်အတွဲကို သုံးခဲ့ပါတယ်။

ဒီပွဲမှာ ချယ်လ်ဆီးတို့ဟာ အိမ်ရှင် ပို့စ်မောက်ကို ပွဲချိန်ပြည့်နီးပါး ဖိအားပေးတိုက်စစ်ဆင်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပထမပိုင်းပွဲချိန် ၃၆မိနစ်အရောက်မှာ ကွင်းလယ်လူ လမ်းပတ်**(အပေါ်ပုံ)**က ပယ်နယ်တီမှတစ်ဆင့် ဂိုးရယူခဲ့ပါတယ်။ အဲဒီနောက် ၄၅ မိနစ်မှာ မာလူဒါ၊ ၄၉ မိနစ်မှာ လမ်းပတ်နဲ့ ၆၄ မိနစ်မှာ ကာလူးတို့က ဂိုးများ သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ဟာ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်မှာလည်း ပို့စ်မောက်ကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ဖူးပါတယ်။

## စပါးနိုင်ပွဲစရ

ကားလင်းဖလား လက်ရှိချန်ပီယံ စပါးဟာ ပရီမီယာလိဂ်မှာ နိုင်ပွဲပျောက်နေပြီး ဇယားအောက်ဆုံးကို ရောက်ရှိနေတဲ့အသင်းပါ။ နည်းပြရာမို့စ်က ခြေစွမ်းကျဆင်းနေတဲ့ သူ့အသင်းသားများကို ကစားခွင့်ရပါလျက်နဲ့ တိုးတက်ကောင်းမွန်မှု မရှိရင် ပြုပြင်ပြောင်းလဲမှုတွေလုပ်မယ်လို့ သတိပေးထားပါတယ်။ ရာမို့စ်ရဲ့ သတိပေးစကားကြောင့် စပါးအသင်းသားများဟာ ဒီပွဲမှာ ကြိုးစားကစားလာတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် စပါးဟာ စိတ်ဓာတ်ပျက်ပြားနေတဲ့ နယူးကာဆယ်ကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ပါတယ်။

စပါးအတွက်ဂိုးများကို ပွဲချိန် ၆၂ မိနစ်မှာ ပက်လူရှန်ကိုနဲ့ ပွဲချိန် ၆၆ မိနစ်မှာ အိုဟာရာတို့က သွင်းယူပေးခဲ့ပြီး နယူးကာဆယ်အတွက် တစ်လုံးတည်းသောဂိုးကိုတော့ မိုက်ကယ်အိုဝင်ကပွဲချိန်မိနစ် ၉၀မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ကားလင်းဖလား တတိယအဆင့် ဒုတိယနေ့ပွဲစဉ်ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

| | | | | |
|---|---|---|---|---|
| **ပို့စ်မောက်** | ၀ | - | ၄ | **ချယ်လ်ဆီး** |
| **နယူးကာဆယ်** | ၁ | - | ၂ | **စပါး** |
| **ဘလက်ဘန်း** | ၁ | - | ၀ | **အဲဗာတန်** |
| **ဗီလာ** | ၀ | - | ၁ | **ကျူပီအာရ်** |
| **အက်စ်ဝှစ်ချ်** | ၁ | - | ၄ | **ဝီဂန်** |

**ကားလင်းဖလား ဒုတိယအဆင့်ပွဲကျန်**

| | | | | |
|---|---|---|---|---|
| **ဘရိုက်တန်** | ၁ | - | ၁ | **မန်စီးတီး** |

**(ပယ်နယ်တီ ၅ - ၃ ဖြင့် ဘရိုက်တန်နိုင်)**

# ဘရာဇီးကွင်းလယ်လူ မီနဲလ်ရိုး ချယ်လ်ဆီးသို့ရောက်ရှိ



**ချယ်လ်ဆီးသို့ ရောက်ရှိလာသည့်ဘရာဇီးကွင်းလယ်ကစားသမား မီနဲလ်ရိုး။**

**လန်ဒန် စက်တင်ဘာ ၂၅**

ချယ်လ်ဆီးအသင်းသည် ဘရာဇီးနှင့် ဂျာမန်ကလပ် ဟာသာဘာလင် ကွင်းလယ်ကစားသမား မီနဲလ်ရိုးအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီး တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်ဟု သိရသည်။ လတ်တလော ဒေကိုနှင့် အက်ဆီယန်တို့ ဒဏ်ရာရနေချိန်တွင် မီနဲလ်ရိုးက ချယ်လ်ဆီးအတွက် များစွာအကျိုးပြုလိမ့်မည်ဟု နည်းပြစကိုလာရီက ယုံကြည်နေသည်။

ချယ်လ်ဆီးရောက် မီနဲလ်ရိုးမှာ ယခုတစ်ပတ် စတုတ်စီးတီးနှင့်ပွဲတွင် ပါဝင်ကစားဦးမည်မဟုတ်ဟု စကိုလာရီကဆိုသည်။ အသက် ၃၃ နှစ်ရှိ ဘရာဇီးကစားသမား မီနဲလ်ရိုးမှာ ၂၀၀၆ ကမ္ဘာ့ဖလားတွင် ပါဝင်ကစားခဲ့သူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

**နံရိုးကျိုး ဒဏ်ရာကြောင့် ကာလကြာရှည်စွာ အနားယူရဖွယ်ရှိသည့် လီဗာပူး နောက်ခံလူ ဖိလစ်ဒီဂျန်။**



# လီဗာပူးနောက်ခံလူ ဖိလစ်ဒီဂျန် နံရိုးနှစ်ချောင်းကျိုး

**လန်ဒန် စက်တင်ဘာ ၂၄**

ခရူဝီနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ကားလင်းဖလား တတိယအဆင့်ပြိုင်ပွဲတွင် လီဗာပူးနောက်ခံလူ ဆွစ်ဇာလန်ကစားသမား ဖိလစ်ဒီဂျန်မှာ နံရိုးနှစ်ချောင်းကျိုးသည့်ဒဏ်ရာ ရရှိခဲ့သည်ဟု သိရသည်။ ဖိလစ်ဒီဂျန်မှာ အဆိုပါပွဲ၌ ဒုတိယပိုင်း ၇၃ မိနစ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် လူစားလဲခဲ့ရသည်။ ယင်းအချိန်တွင် ၎င်း၏ဒဏ်ရာမှာ ပြင်းထန်ဖွယ်ရာမရှိဟု ယူဆခဲ့ကြသော်လည်း နောက်ပိုင်း ဆေးစစ်ချက်များအရ နံရိုးနှစ်ချောင်း ကျိုးသွားသည်ဟု ဆိုသည်။

ထို့ကြောင့် ယခုနှစ် နွေရာသီတွင်မှ လီဗာပူးသို့ပြောင်းရွှေ့ရောက်ရှိလာသည့် အသက် ၂၅ နှစ်အရွယ် ဖိလစ်ဒီဂျန်မှာ ကာလကြာရှည်စွာအနားယူရတော့မည်ဖြစ်သည်။ နည်းပြ ဘင်နီတက်ဇ်က "သူဟာ အရမ်းကံဆိုးခဲ့တာကြောင့် ဒီဒဏ်ရာကို ရရှိခဲ့တာပါ"ဟု ပြောကြားခဲ့ပြီး ဖိလစ်ဒီဂျန်၏ နံရိုးနှစ်ချောင်း ကျိုးသွားရခြင်းကိုလည်း အတည်ပြု ပြောကြားသွားခဲ့သည်။ ***အင်တာနက်။***

ဝင်းတင် (ကြေးမုံ)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဒဂုံအရှေ့ စက်မှုမြို့တွင် စက်မှုမြေကွက်များ ဝယ်ယူထားကြသော မြေကွက်ပိုင်ရှင်များ သိရှိနိုင်ရန် အသိပေးနှိုးဆော်ချက်

၁။ ဒဂုံအရှေ့ စက်မှုမြို့တွင် စက်မှုမြေကွက်များ ဝယ်ယူထားကြသော မြေကွက်ပိုင်ရှင်အချို့သည် မိမိတို့ မြေကွက်များတွင် စက်ရုံတည်ဆောက်ခြင်း၊ လုပ်ငန်းများဆောင်ရွက်မှုမရှိခြင်း၊ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီရုံးသို့ လာရောက်ဆက်သွယ်၍ အကြောင်းကြားမှု မရှိခြင်းတို့ကြောင့် စက်မှုမြို့ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိနေပါသည်။

၂။ သို့ပါ၍ စက်မှုမြေကွက်ပိုင်ရှင်များအနေဖြင့် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နောက်ဆုံးထား၍ အမှတ်(၂)လမ်းမကြီးနှင့် ကနောင်မင်းသားကြီးလမ်းထောင့်ရှိ စီမံခန့်ခွဲရေး ကော်မတီရုံးသို့ မြေကွက်ပိုင်ဆိုင်မှု အထောက်အထားများယူဆောင်၍ အမြန်ဆုံး လာရောက်ဆက်သွယ်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့တင်ပြပြီး လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည် -

**အပိုင်း(၁)အတွင်းရှိ မြေကွက်လပ်များ**

**အပိုင်း(၁)**

၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၃၆၊ ၇၄၊ ၈၀၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၉၊ ၁၁၀၊ ၁၁၈၊ ၁၁၉၊ ၁၂၂၊ ၁၂၄၊ ၁၂၅၊ ၁၃၀၊ ၁၄၆၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၂။

**တိုးချဲ့**

၁၈၊ ၃၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇။

**စီမံခန့်ခွဲရေးကော်မတီ၊ ဒဂုံအရှေ့စက်မှုမြို့**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏ အမှုသည်ဖြစ်သူမှ ဒေါ်ခင်စောညို(မှတ်ပုံတင်အမှတ်- MUN-160368)ပိုင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မစိုးရိမ်လမ်း၊ အမှတ်(၉/ဆ)၊ မြေကွက်အမှတ် ၅၅-(ဘီ)မြေကွက်ကို ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြင့်သွေး (B.A, R.L)**
**တရားရုံးချုပ်ရှေ့နေ**

**ရုံး -** **အမှတ်(၅၅)၊ အခန်း(၁၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၈၁၀၊ ၀၉၅၀၅၅၃၅၄**

**တိုက်(၃)၊ အခန်း(၀၄)၊ ပြည်သာယာအဆင့်မြင့်အိမ်ရာ၊ ဘောက်ထော်ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၄၇၅၁၃**

## စာရေးဆရာ၊ ဝေဒပညာရှင် ဆရာကြီးမင်းသိခ်၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်များ၊ ပိုင်ဆိုင်ခဲ့သည့် ပစ္စည်းအရပ်ရပ်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၁၄)နေ ဆရာကြီး မင်းသိခ်၏ ညီမအရင်းဖြစ်သူ ဒေါ်သန်းနုအောင် [၁၂/ တမန(နိုင်)၀၇၈၂၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ရှင်းလင်းကြေညာပါသည်။

၂၅-၉-၂၀၀၈ ရက် ကြေးမုံသတင်းစာတွင် ဆရာကြီး မင်းသိခ်၏ သားဖြစ်သူ ကိုမောင်မောင်သစ်နှင့် ကိုမောင်မောင်သစ်၏ မိခင်ဒေါ်မြမြဝင်း(ခ)ဒေါ်ကျင်ဖုံ [လွန်ခဲ့သည့် (၄၅)နှစ်ခန့်မှစ၍ ဆရာကြီးမင်းသိခ်နှင့် ကွဲကွာပြီးဖြစ်သူ ဇနီးဟောင်း]တို့၏ ကြေညာချက်တွင် ဆရာကြီး မင်းသိခ်၏ စာပေ အနုပညာဆိုင်ရာ ပိုင်ဆိုင်ခွင့် ကိစ္စရပ်များနှင့် ပတ်သက်၍ ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ကြရန် ကြေညာချက်အား ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းနုအောင်မှ တရားဝင်ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ဒေါ်မြမြဝင်း(ခ) ဒေါ်ကျင်ဖုံသည် ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မြို့မ (၁) ရပ်ကွက်၊ မရမ်းတလင်း အယူတော်မင်္ဂလာခြံ (တတိယမျက်လုံး အဆောက်အအုံ)၌ မည်သည့်အခါမှ နေထိုင်ခဲ့ဖူးခြင်းမရှိပါ။ ဆရာကြီး နာရေးကိစ္စရပ်အတွက် ခေတ္တတည်းခိုနေထိုင်သူသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းနုအောင်သည် ကွယ်လွန်သူ ဆရာကြီးမင်းသိခ်(ခ) ဦးအောင်ထွန်း၏သားဖြစ်သူ မောင်မောင်သစ်နှင့်တကွ ကျန်ရစ်သောပစ္စည်းအရပ်ရပ်တို့အပေါ်တွင် အုပ်ထိန်းခွင့်ရရှိရေးအတွက် ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး ရုံးအမှတ်(၁၀)တွင် တရားမအထွေထွေမှု အမှတ်(၂၆၂ / ၀၈)ဖြင့် လျှောက်ထားပြီး ဖြစ်ပါသည်။

ထိုသို့လျှောက်ထားမှုအတွက် ရုံးတော်မှ အပြီးသတ်စီရင်ချက်နှင့် အမိန့်ချမှတ်ခြင်းမပြုမီကာလအတွင်း ဆရာကြီးမင်းသိခ်နှင့် ပတ်သက်သော စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များ၊ ပစ္စည်းပိုင်ဆိုင်ခွင့် ကိစ္စရပ်များကို ပေးကမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်းများ မပြုလုပ်ပါရန် တားမြစ်သတိပေးအပ်ပါသည်။

အကယ်၍ ထိုကဲ့သို့ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိရှိစေရန် သတိပေးကြေညာပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဦးမောင်မောင်သန်း** | **ဦးသန်းစိုးထွန်း** |
|---|---|
| LL.B,D.M.A,D.B.L, D.M.L,D.A.Psy, D.I.L, WIPO, D.L.P(Switzerland) | LL.B, Diploma in Business Law |
| **တရားရုံးချုပ်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၆၂)၊** WINNER FIRM ၊ **အခန်း(၁၇)၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၀၄၂၀၀၃၊ ၀၉-၅၁၇၃၉၆၈**

## ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၁၀)ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၁၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ကမ္ဘာလှည့်ခရီးသွားစိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှား၊ မြန်မာ့ခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးရေးစဉ်ဆက်မပြတ်ကြိုးစား၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းအောင်မြင်မှုများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး(၁)၊ ဆားလုပ်ငန်း ပြန်လည်ထူထောင်မှုအရှိန်မြှင့်ပြီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ဂုဏ်ပြုကြိုဆိုပါသည်၊ စီးပွားရေးပိတ်ဆို့မှုနှင့် အကြမ်းဖက်မှု လုပ်ရပ်မှန်သမျှ ဆန့်ကျင်တိုက်ဖျက်ကြ ဆောင်းပါးများပါဝင်သည်။

ထို့အပြင် ကုန်းတွင်းပိုင်းလုပ်ကွက် A(ဟူးကောင်းဒေသ)နှင့် B-1(ဥယုဒေသ)တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရန် စာချုပ်ချုပ်ဆို၊ ထားဝယ်ရေနက် ဆိပ်ကမ်းစီမံကိန်းကနဦး တိုင်းတာမှုစတင်ပြီ၊ တောင်ပင်လယ် ပုလဲများထပ်မံထုတ်လုပ်မည်၊ မြန်မာ-တရုတ်နယ်စပ်ကုန်စည်ပြပွဲ မူဆယ်(၁၀၅)မိုင်တွင် ပြုလုပ်မည်စသည့် ပြည်တွင်း၊ ပြည်ပ သတင်းများ စုံစုံလင်လင်နှင့် သတင်းဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁ - ၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ပညာဘဏ်တိုက် စာကြည့်တိုက်**

## အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ညောင်လေးပင်၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ညောင်လေးပင်မြို့ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းတို့တွင် တာဝန် ထမ်းဆောင်ခဲ့သော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၂ ရက် (၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ ဦးအေးဝင်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးညာဏ်ထွန်း ဖုန်း-၀၉-၉၉-၇၀၆၇၂၊ ဦးတင့်ခိုင် ဖုန်း-၀၁-၇၀၅၆၀၉၊ ဦးစောမြင့် ဖုန်း - ၀၁-၂၀၁၆၅၇၊ ဦးစိုးဝင်း-ဒေါ်နု(ရွှေဆိုင်) ဖုန်း-၀၅၂-၅၀၂၆၂၊ ၀၅၂-၅၀၇၅၅ (၂၅၅)၊ဦးမင်းအောင်-ဒေါ်အေးအေးမြ ဖုန်း-၀၅၂-၅၀၂၃၇၊ ဦးစိုးလွင်-ဒေါ်သန်းသန်းဌေး ဖုန်း-၀၅၂-၅၀၂၂၄၊ ဦးမျိုးဆွေ-ဒေါ်ခင်စောယု ဖုန်း-၀၅၂ -၅၀၄၂၁၊ ဦးအောင်သူ (ကြယ်ကမ္ဘာ) ဖုန်း - ၀၅၂-၅၀၄၉၆၊ ဦးမျိုးနိုင် ဖုန်း-၀၅၂-၅၀၂၁၃၊ ဦးလှိုင်ဝင်းဖုန်း-၀၅၂-၅၀၃၃၈၊ ၀၅၂-၅၀၃၃၉၊ ဒေါ်ခင်မာညို ဖုန်း-၀၅၂-၅၀၂၁၈၊ဒေါက်တာတင်တင်အေး ဖုန်း - ၀၁ - ၅၁၂၉၄၆၊ ဒေါ်ရီရီစံ (ထပြ၊ မြွန်တန်ဆာ) ဖုန်း - ၀၅၂ - ၅၉၄၃၃၊ ဦးမျိုးကျော်ဇော-ဒေါ်ကေသွယ်ဦး(ရီရှင်းကုမ္ပဏီ) ဖုန်း - ၀၅၂ - ၅၀၄၇၈ နှင့် ဦးရန်နိုင်မိုး - ဒေါ်မို့မို့ဝင်း (ရွှေဟင်္သာ ဘယဆေး) ဖုန်း - ၀၅၂-၅၀၃၂၀ တို့သို့ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

# မိုင်းယုနှင့်မိုင်းယောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၅

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-မိုင်းဖြတ်-မိုင်းယောင်း-မိုင်းယု ကားလမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသည့် စပါးစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။**

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ဆေးရုံအုပ် ဒေါက်တာစုစုကြည်ထံ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းယုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

အ င် တ ာ န က် သ ဘ ာ ဝ ပ တ် ဝ န်း ကျ င် ဆော င် း ပါ း

## ကမ္ဘာကြီးပူနွေးလာခြင်းကို ရော်ဘာဘဲရုပ်များဖြင့် စမ်းသပ်

**သိပ္ပံပညာရှင်တို့သည် ကမ္ဘာကြီးပူနွေးလာခြင်းကို နားလည်သဘောပေါက်ရန်အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စမ်းသပ်နေကြရာ ယခုအခါတွင် ရော်ဘာဘဲရုပ်လေးများဖြင့် စမ်းသပ်ရန် ကြံစည်ဆောင်ရွက်လာခဲ့ကြပြန်သည်။**



ကမ္ဘာ့မြောက်ဘက်ခြမ်း ဂရင်းလန်ကျွန်း၏ အမြန်ဆုံးနှုန်းဖြင့် ရွေ့လျားနေသော ရေခဲမြစ်အတွင်းမှ အပေါက်များထဲသို့ ရေပေါ်တွင် ပေါ်နိုင်သော ရော်ဘာကစားစရာ ဘဲရုပ် ၉၀ ကို နာဆာမှ သိပ္ပံပညာရှင်များက ချထားခဲ့ကြသည်။

ဘဲရုပ်များပါသော ရေခဲတုံးတစ်တုံးသည် လူတို့နေထိုင်ရာ အရပ်ဒေသအနီးတွင် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❖

ကမ္ဘာကြီးပူနွေးလာခြင်းကို သက်သေပြမည့် ကစားစရာ ရော်ဘာဘဲရုပ်ကလေးများကို တွေ့ရစဉ်။

**ဘာသာပြန်-သန်းလွင်**

## မြန်မာနိုင်ငံ ရဲချုပ်နှင့် အဖွဲ့က
## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ခေါ်ယူတွေ့ဆုံ သတိပေးပြောကြား

နေပြည်တော် စက်တင်ဘာ ၂၅

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်စွဲဖြင့် အထူးကြေညာချက်အမှတ်-၁၈/၀၉/၀၈ ကို ထုတ်ပြန်ခဲ့သည်။**

အဆိုပါ အထူးကြေညာချက်၌ အခြေခံဥပဒေမူကြမ်း ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ဖော်ပြရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်နိုင်ခြင်း၊ နိုင်ငံတော်အစိုးရအပေါ် ပြည်သူများက အထင်မှား၊ အကြည်ညိုပျက်စေခြင်း၊ နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို သိက္ခာကျဆင်းစေခြင်းနှင့် ထိခိုက်ပျက်ပြားစေခြင်း၊ လွတ်လပ်စွာ ဆန္ဒပေးခဲ့ကြသော အများပြည်သူများအား စော်ကားရာရောက်စေခြင်း စသည့် ရေးသား၊ ဖော်ပြမှုများ ပါရှိနေသည်။

သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုအတွက် တာဝန်ရှိအဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် အဖွဲ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ငါးဦးအား ယနေ့မွန်းလွဲ ၂ နာရီတွင် ခေါ်ယူတွေ့ဆုံ သတိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## နင်းခူနာဖြစ်မည့် အလားအလာ ငါးစားသုံးပါက လျော့ပါးနိုင်ဟုဆို

*စတော့ဟုမ်း စက်တင်ဘာ ၂၅*

အသက်ကိုးလမပြည့်မီ ကလေးများကို အစားအစာကျွေးရာတွင် ငါးကိုထည့်ကျွေးခြင်းဖြင့် နင်းခူနာရောဂါဖြစ်ပေါ်မှု အခွင့်အလမ်း နည်းပါးသွားစေနိုင်သည်ဟု ဆိုသည်။ မကြာသေးမီနှစ်များအတွင်းက အနောက်နိုင်ငံများတွင် အသားအရေနင်းခူနာဖြစ်ပွားမှုနှုန်း မြင့်တက်လာသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းသည် အစားအစာ စားသုံးမှုနှင့်လည်း တစ်စိတ်တစ်ပိုင်း ဆက်နွယ်မှုရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဆွီဒင်သိပ္ပံပညာရှင်များသည် မိသားစုဝင် ၅၀၀၀ မှ ကလေးများ၏ ကျန်းမာရေးကို လေ့လာခဲ့ရာ*(အပေါ်ပုံ)* ကလေးဘဝတွင် ငါးစားသုံးမှုကို စောစီးစွာပြုလုပ်သော ကလေးများ၌ နင်းခူနာဖြစ်ပွားမှု ၂၅ ရာခိုင်နှုန်း လျော့ပါးနေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။ ကလေးရောဂါမော်ကွန်းစာစောင်တွင် ထိုသုတေသနပြုချက်ကို ပုံနှိပ်တင်ပြခဲ့သည်။ နင်းခူနာသည် လတ်တလော စားသောက်လိုက်သော အစာနှင့် ဓာတ်မတည့်ခြင်းနှင့်လည်း ယေဘုယျ ဆက်စပ်မှုရှိသည်ဟု အရေပြားရောဂါအထူးကုဆရာဝန် ဒေါက်တာဂျီအိုဂျီဒူက ပြောကြားသည်။

ဆွီဒင်နိုင်ငံအနောက်ပိုင်း၌ ၂၀၀၃ ခုနှစ်က မွေးဖွားခဲ့သော ကလေးငယ်များ၏ ကျန်းမာရေးကို လေ့လာစောင့်ကြည့်ခဲ့သည်။ အသက်ခြောက်လမှ ၁၂ လကြားရှိ ကလေးငယ်များ၏ ပတ်ဝန်းကျင်နှင့် အစားအစာနှင့်ပတ်သက်၍ မေးမြန်းချက်များကို အချို့မိသားစုဝင်များက ဖြေကြားပေးခဲ့သည်။ နင်းခူရောဂါလက္ခဏာများကိုလည်း မှတ်တမ်းထားရှိပြီး လေ့လာမှုများ *စာမျက်နှာ ၉ ကော်လံ ၁ သို့* ✳

အင်တာနက်
ကျန်းမာရေးသတင်း

**ဘာသာပြန်-ခင်ချိုဝင်း**